# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၁)၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ ၂၀-၁၂-၂၀၂၄၊ သောကြာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဝန်ကြီးဌာနအဆင့် အမျိုးသမီးဘော်လီဘော ဗိုလ်လုပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။
ဓာတ်ပုံ - မျိုးထက်

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကျင်းပ

### ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်ပြည်သူများ ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာအားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၃ သို့ ✪

### ယနေ့ ဖတ်စရာ အညွှန်း


ဆောင်းရာသီအတွက် ဆောင်ရန်၊ ရှောင်ရန် အစားအစာလေးများ (ဆောင်းပါး)
စာမျက်နှာ ၆

အိုမီဂါ 3 ကြွယ်ဝသော အစားအစာများ စားသုံးလျှင် ကင်ဆာရောဂါဖြစ်ပွားနှုန်း နှေးကွေးစေနိုင်မည်
စာမျက်နှာ ၇

ကိုလိုမ္ဘီယာနီအား ခေါ်ယူရန် အာဆင်နယ်အသင်း စိတ်ဝင်စား
စာမျက်နှာ ၁၁


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဒီဇင်ဘာ ၁၉

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက် ၊ သောကြာနေ့ ။

မန္တလေး နေ့စဉ်

# ကွန်ပျူတာ အလွန်အကျွံအသုံးပြုခြင်းသည် ကျန်းမာရေးကို ထိခိုက်စေမည်

ယနေ့ခေတ်သည် ခေတ်မီနည်းပညာများကို ရှာဖွေနေသော ခေတ်ဖြစ်သည်။ ပညာရပ်များကို စာသင်ကျောင်းများသာမက စာသင်ကျောင်းပြင်ပတွင်လည်း ရှာဖွေဆည်းပူးနေကြသည်။ ယနေ့လူငယ်များ မတက်မဖြစ်တက်ရမည့် ပညာရပ်တစ်ခုမှာ ကွန်ပျူတာပညာရပ်ဖြစ်သည်။ ကွန်ပျူတာပညာရပ်သည် ပညာရပ်ပိုင်းဆိုင်ရာ နယ်ပယ်အသီးသီးတွင် နေရာယူလျက်ရှိသည်။

ကွန်ပျူတာပညာရပ်သည် အသက်အရွယ်မရွေး သိသင့်သိထိုက်သော ပညာရပ်ဖြစ်သော်လည်း အလွန်အကျွံမသုံးသင့်ပါ။ အချိန်အတိုင်းအတာတစ်ခုထိသာ သုံးစွဲသင့်သည်။ ကွန်ပျူတာကို အလွန်အကျွံအသုံးပြုခြင်း၊ မိုဘိုင်းဖုန်းအင်တာနက်ဖြင့် အချိန်ကြာမြင့်စွာ အသုံးပြုခြင်းတို့ကြောင့် ကျန်းမာရေးချို့ယွင်းမည်ဖြစ်ပြီး ကျောင်းသားများအတွက် ပညာရေးခရီးတွင် နှောင့်နှေးမှုများ ကြုံတွေ့နိုင်မည်ဖြစ်သည်။ ထို့ပြင် ဂိမ်းဆော့ကစားခြင်းကလည်း ကြာရှည်စွာကစားပါက ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။

ကျောင်းသားလူငယ်များအနေဖြင့် ဂိမ်းဆော့မည့်အစား မိမိနှစ်သက်သည့်အားကစားတစ်မျိုးမျိုးကို ကစားသင့်သည်။ ကျန်းမာရေးနှင့်လည်း ညီညွတ်မည်ဖြစ်သည်။

မြန်မာတို့၏ ဆိုရိုးစကားတစ်ခုရှိသည်။ "တန်ဆေးလွန်ဘေး" ဟူသော စကားဖြစ်သည်။ ဆေးသည်အတော်အတန် သင့်ရုံသောက်လျှင် ဆေးအဖြစ်အကျိုးရှိမည်ဖြစ်သည်။ အလွန်အကျွံသောက်လျှင် ဘေးအန္တရာယ်ဖြစ်ကာ အကျိုးမဲ့စေမည်ဖြစ်သည်။ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းအင်တာနက်ချိတ်ဆက်ကာ အချို့သောကျောင်းသားများသည် ပညာရှာဖွေခြင်းအလုပ်ထက် ရုပ်ရှင်ကြည့်ခြင်း၊ သီချင်းနားထောင်ခြင်း၊ တစ်ဦးနှင့်တစ်ဦးမိတ်ဖွဲ့စကားပြောခြင်းတို့ကို လုပ်ဆောင်လာကြသည်။ စာကြိုးစားရမည့်အချိန်တွင် ဂိမ်းဆော့ခြင်း၊ သီချင်းနားထောင်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်းတို့ဖြင့် အချိန်ဖြုန်းတီးလာကြသည်။

ထို့ပြင်ကျောင်းသား လူငယ်များအဖို့ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားလေ့ကျင့်ရာတွင်လည်း ကွန်ပျူတာဖြင့် အသုံးပြုလာသဖြင့် ယခင်စိတ်ဖြင့်တွက်ချက်သော အလေ့အကျင့်များ ပျောက်ဆုံးလာသည်ကို သတိမူမိသည်။ မှတ်ဉာဏ်များ ကျဆင်းကာစဉ်းစားတွေးခေါ်သည့် အလေ့အကျင့်များ ပျောက်ဆုံးလာသည်။ မိမိကိုယ်တိုင်လည်း ယုံကြည်မှုအားနည်းလာသည်။

ကွန်ပျူတာပညာရပ်များကို တီထွင်ခဲ့သူ ဘီဂိတ်သည် သူ၏သား၊ သမီးများကို ကွန်ပျူတာသုံးစွဲချိန်အား ကန့်သတ်ထားပေးသည်။ သူ၏သား၊ သမီးများကို တစ်နေ့လျှင် ၄၅မိနစ်ခန့်သာ အသုံးပြုဟု သတ်မှတ်ပေးထားသည်။ ကွန်ပျူတာလည်းသုံးစွဲ ကျောင်းစာကိုလည်း ကြိုးစားသင်ယူရန် သတ်မှတ်ထားခြင်းဖြစ်သည်။

သို့ဖြစ်ရာ ကျောင်းသားတိုင်း ကျောင်းစာကို ထူးချွန်ထက်မြက်အောင် ကြိုးစားသင်ယူရမည်ဖြစ်သည်။ ကျန်းမာရေးကို ထိခိုက်စေသည့် အင်တာနက်၊ ကွန်ပျူတာ အလွန်အကျွံအသုံးပြုခြင်းကို ရှောင်ကြဉ်ကာ အချိန်ကိုအကျိုးရှိရှိ အသုံးပြုသွားရန်လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပူဆယ်အားကစားပြိုင်ပွဲများ ကျင်းပ





**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အခွန်ဌာနမှူးကြီးမှူး၍ ဖူဆယ်အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ဖူဆယ်ဘောလုံးအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်း၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲတွင် ပထမပွဲစဉ်၌ စက်ရုံနှင့်မော်တော်ယာဉ်ဌာန(ခ)အသင်းနှင့် ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနအသင်း၊ ဒုတိယပွဲစဉ်တွင် ဈေးနှင့်သားသတ်ဌာန(ခ)အသင်းနှင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန(က)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်(၁၆)သင်းဝင်ရောက် ယှဉ်ပြိုင်ကြကာ ဒီဇင်ဘာ(၂၀၊ ၂၃၊ ၂၄) ရက်များတွင် အုပ်စုပတ်လည်ပွဲစဉ်များကိုလည်းကောင်း ဒီဇင်ဘာ(၂၆)ရက်တွင် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

## ဝန်ထမ်းများအား (၁၆)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၁၆)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီစိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနတွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနတာဝန်ရှိသူထံမှ သိရသည်။

(၁၆)ကြိမ်မြောက်ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက်(၁၃၅)စည်း၊ မုန်ညင်း(၂၀၀)စည်း၊ ခရမ်းသီး(၂၂၀)ထုပ်၊ ငွေနှင်းမှို(၂၈၀)ထုပ်တို့ကို ကော်မတီရုံးဝန်ထမ်း(၅၂)ဦး၊ စီမံရေးရာဌာနရှိဝန်ထမ်း(၁၂၁)ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနရှိ ဝန်ထမ်း(၇၂)ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရှိ ဝန်ထမ်း(၄၅)ဦး၊ စစ်ဆေးရေးဌာနရှိ ဝန်ထမ်း(၇၃)ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူး ဦးတင်စိုးနှင့်



တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

## ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၁၉**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ဘာသာရပ်ပေါင်းစုံ(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၈ နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပပြုလုပ်ရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘောလုံးပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်း၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ စီမံဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြိုင်ပွဲဝင်အားကစားသမားများက ပါမောက္ခချုပ်အား ချီတက်အလေးပြုကြသည်။ ထို့နောက် ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဘာသာရပ်ပေါင်းစုံဘောလုံးအားကစား ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။

အုပ်စုပထမပွဲစဉ်အဖြစ် အင်္ဂလိပ်စာဘာသာရပ်အသင်းနှင့် ရူပဗေဒဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလိပ်စာဘာသာရပ်အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်းနှင့် အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဘာသာရပ်အသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း(၁၄)သင်း ပါဝင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝဓ၂)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။

✪ ရှေ့ဖုံးမှ

နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရှိ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ အမျိုးသမီးဘော်လီဘောဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားဘော်လီဘောဗိုလ်လုပွဲ ပွဲစဉ်အဖြစ် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ အမျိုးသမီးပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပွဲစဉ်တွင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ - တစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းအားလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအားလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းအား လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ဝန်ကြီးဌာနအဆင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(A)ရှိ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်နှင့် ဒေါက်တာဘရှွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

စာမျက်နှာ ၄ သို့ ✪



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးဝဏ္ဏမောင်လွင် အမျိုးသား ပိုက်ကျော်ခြင်း လေးယောက်တွဲ အဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်း အမှတ်အရုပ်များ ပေးအပ် ချီးမြှင့်စဉ်။




ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ လာရောက်ကြည့်ရှုကြသူများအား တွေ့ရစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအစမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် အမျိုးသား ၆၅ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေ အမျိုးသား သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။

◎ စာမျက်နှာ ၃ မှ

ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ အမျိုးသားပိုက်ကျော်ခြင်း လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုးသား နှစ်ယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေက အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးဝဏ္ဏမောင်လွင်က အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသား၊ အမျိုးသမီး အသက် ၂၃ နှစ်အောက် ဝူရှူးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်ရှိ ရွှေကြာပင် အားကစားရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်နှင့် ဒေါက်တာမှုထန်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ လူမှုရေးရာဝန်ကြီးများနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် တက်ရောက် လာကြသူများနှင့်အတူ ဝူရှူးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအနက်မှ အမျိုးသား ၆၅ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ အမျိုးသား ၇၀ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ အမျိုးသား ၆၅ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်က စစ်ကိုင်းတိုင်းဒေသကြီးအားလည်းကောင်း၊ အမျိုးသား ၇၀ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်က ကရင်ပြည်နယ်ကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က အမျိုးသမီး (ကျန့်စု+ချန်းစု) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမျိုးသား (နန်းသောင်း + နန်းကွန့်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး (နန်းသောင်း+နန်းကွန့်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ချင်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေလင်းအောင်က အမျိုးသား (သွေ့လျှန့်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က အမျိုးသမီး (သွေ့လျှန့်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေး တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အမျိုးသမီး ၄၈ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် ကချင်ပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အမျိုးသမီး ၅၂ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။ စာမျက်နှာ ၅ သို့ ◎

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အလိုက် ၁၉-၁၂-၂၀၂၄ ရက်နေ့ထိ ဆုရရှိမှုအခြေအနေ

| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ရန်ကုန် | ၆၈ | ၄၂ | ၃၉ | ၁၄၉ | |
| ၂ | ရှမ်း | ၂၇ | ၃၂ | ၄၁ | ၁၀၀ | |
| ၃ | မန္တလေး | ၂၅ | ၂၆ | ၃၉ | ၉၀ | |
| ၄ | စစ်ကိုင်း | ၂၁ | ၂၀ | ၂၁ | ၆၂ | |
| ၅ | ကချင် | ၁၆ | ၁၁ | ၂၂ | ၄၉ | |
| ၆ | တနင်္သာရီ | ၁၅ | ၆ | ၁၁ | ၃၂ | |
| ၇ | ဧရာဝတီ | ၁၄ | ၂၄ | ၂၉ | ၆၇ | |
| ၈ | မကွေး | ၁၄ | ၁၃ | ၂၀ | ၄၇ | |
| ၉ | ပဲခူး | ၉ | ၂၀ | ၂၇ | ၅၆ | |
| ၁၀ | ကရင် | ၈ | ၁၁ | ၃၁ | ၅၀ | |
| ၁၁ | နေပြည်တော် | ၇ | ၅ | ၁၁ | ၂၃ | |
| ၁၂ | ရခိုင် | ၅ | ၁၁ | ၁၆ | ၃၂ | |
| ၁၃ | မွန် | ၅ | ၁၀ | ၁၀ | ၂၅ | |
| ၁၄ | ချင်း | ၃ | | ၉ | ၁၂ | |
| ၁၅ | ကယား | ၁ | ၇ | ၅ | ၁၃ | |
| | စုစုပေါင်း | ၂၃၈ | ၂၃၈ | ၃၃၁ | ၈၀၇ | |

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲ ၁၉-၁၂-၂၀၂၄ ရက်နေ့ထိ ဆုရရှိမှုအခြေအနေ

| စဉ် | ဝန်ကြီးဌာန | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၄ | ၁၀ | ၁၀ | ၃၄ | |
| ၂ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၁၂ | ၇ | ၉ | ၂၈ | |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၀ | ၁၀ | ၁၀ | ၃၀ | |
| ၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇ | ၁၂ | ၈ | ၂၇ | |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၃ | ၂ | ၁ | ၆ | |
| ၆ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁ | ၃ | ၁ | ၅ | |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | ၁ | ၂ | ၃ | ၆ | |
| ၈ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| ၉ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ | | | ၁ | |
| ၁၀ | ပညာရေးဝန်ကြီးဌာန | ၁ | | | ၁ | |
| ၁၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | | ၃ | | ၃ | |
| ၁၂ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | | ၁ | | ၁ | |
| ၁၃ | အလုပ်သမားဝန်ကြီးဌာန | | | ၃ | ၃ | |
| ၁၄ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၅ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၆ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၇ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| | စုစုပေါင်း | ၅၀ | ၅၀ | ၅၀ | ၁၅၀ | |

✪ စာမျက်နှာ ၄ မှ

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အမျိုးသမီး ၆၀ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက အမျိုးသား ၄၈ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် မန္တလေးတိုင်း ဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသား ၅၂ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမှုထန် အမျိုးသား ၅၆ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမှုထန်က အမျိုးသား ၅၆ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား ၆၀ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က အမျိုးသား ၆၅ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့်မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား ၇၀ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ဝန်ကြီးဌာနအဆင့် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြပြီး သာမန်ပွဲကစားချိန် မိနစ် ၄၀ နှင့် အချိန်ပို ၁၀ မိနစ် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် သုံးဂိုးစီ သရေရလဒ် ထွက်ပေါ်သဖြင့် ပင်နယ်တီ အဆုံးအဖြတ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းအား လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

သတင်းစဉ်

# ဆောင်းရာသီအတွက် ဆောင်ရန်၊ ရှောင်ရန် အစားအစာလေးများ

ရှေးလူကြီးများက ဆောင်းတွင်းတစ်တွင်းလုံး ကျန်းမာစေရန်အတွက် လက်စွဲတော် ဆေးနည်းတိုလေးကို မှီဝဲလေ့ရှိကြသည်။ ၄င်းဆေးနည်းမှာ ငရုတ်ကောင်းစိမ်း၊ ပိတ်ချင်းသီးနှင့် ဂျင်းစိမ်းခြောက် ၄င်းသုံးမျိုးတို့အား ကိုးမူးသားစီ ဆတူရော၍၊ ထိုအရောအနှောထဲသို့ ထန်းလျက်ရည်နှင့် ပျားရည် ၁၀ ကျပ်သားစီ ရောစပ်ပြီး ဆေးရည်တည်ပါသည်။ ထိုဆေးနှစ်ရည် လက်ဖက်ရည်ဇွန်း တစ်ဝက်စာပမာဏခန့်ကို ဆောင်းဝင်သည့်ရက်ကစပြီး တစ်နေ့တစ်ကြိမ်သာ စားပေးရုံမျှဖြင့် ဆောင်းဥတုမှာ မည်သည့်ရောဂါမျှ မရှိနိုင်တော့ဟု ဆိုပါသည်။

ထိုနည်းတူစွာပင် နွေရာသီ၊ မိုးရာသီအတွက်ပါ ဆေးနည်းတိုလေးများကို ဖော်စပ်သောက်သည့်ဓလေ့ကို လေ့လာကြည့်ခြင်းအားဖြင့် ရှေးလူကြီးများသည် ကျန်းမာရေးအသိအမြင်နှင့် ပတ်သက်၍ သုတကြွယ်သည်ဟု ဆိုနိုင်ပါသည်။ ယနေ့ကမ္ဘာမှာ တစ်နေ့တစ်ခြား တိုးတက်ခေတ်မီလာသည့်အလျောက် ရုပ်ဝတ္ထုတွေနောက်အမီလိုက်ရင်း နေထိုင်စားသောက်မှုပုံစံများလည်း ပြောင်းလဲလာကြရာ လွယ်ကူမြန်ဆန်သောအစားအသောက်တို့ကို အာသီသရှိလာကြပြီး ကျန်းမာရေးအတွက် ဘေးထွက်ဆိုးကျိုးများစွာ ခံစားနေကြရပါသည်။ ဒီတစ်နှစ် ဆောင်းဥတုမှာဖြင့် ရာသီဥတုနှင့်လျော်ညီစွာ စားသောက်နေထိုင်တတ်ဖို့အတွက် အောက်ဖော်ပြပါ ဆောင်ရန်၊ ရှောင်ရန် အစားအစာများကို ရေးသားမျှဝေလိုက်ရပါသည်။

**ဆောင်းရာသီအတွက် ဆောင်ရန် အစားအစာများ။**

ဗီတာမင်စီ မြင့်မားစွာပါရှိသော လိမ္မော်၊ သံပရာ၊ ရှောက်၊ ဂရိတ်ဖရု စသည့်အသီးများကို စားပေးသင့်ပါသည်။ ၄င်းအသီးများထဲတွင် ဖောလစ်အက်ဆစ်အပြင် ချေဖျက်နိုင်သော အမျှင်ဓာတ်များ အလုံအလောက်ပါရှိနေ၍ အစာကို ကြေညက်စေပါသည်။ ထို့ပြင် ခန္ဓာကိုယ်အကျိုးပြု ဓာတ်တိုးဆန့်ကျင်ပစ္စည်းများလည်း ကြွယ်ဝစွာ ပါရှိနေတာကြောင့် ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားလာစေပြီး အအေးမိ၊ နှာစေး၊ ချောင်းဆိုး စသည့် ပြင်ပကူးစက်ရောဂါများလည်း အလွယ်တကူ မဝင်ရောက်နိုင်တော့ပေ။

ဆောင်းဥတုမှာ အစာမကြေ၊ ရင်ပြည့်ရင်ကယ်ဖြစ်လေ့ရှိသူများက နံနက်စာစားပြီးတိုင်း သံပရာရည်တစ်ခွက် သောက်ပေးသင့်ပါသည်။

မုန်လာဥနီ၊ မုန်လာဥဖြူ၊ ရွှေဖရုံသီး၊ ကန်စွန်းဥ၊ စိမ်းစားဥ၊ အာတာလွတ်ဥ၊ ကြက်သွန်နီ စသော ဟင်းသီးဟင်းရွက်များက မြေအောက်မြစ်လျှောက် အမျိုးအစားများဖြစ်သဖြင့် မြေဆီလွှာထဲမှ သတ္တုဓာတ်နှင့် အာဟာရတို့ကို အပြည့်အဝ စုပ်ယူထားကြပါသည်။ ထို့ပြင် မြေပြင်ပေါ် ထိုးထိုးထောင်ထောင်ဖြစ်နေသော ရွှေဖရုံရွက်ညွန့်၊ မုန်လာရွက်တွေကလည်း နေရောင်ခြည်ဖြင့် အစာချက်လုပ်ထားကြသည်။ ထို့ကြောင့် ကစီဓာတ်ကြွယ်ဝကာ လူကို အာဟာရဖြစ်စေသော ၄င်းမြေပေါ်မြေအောက် ဟင်းသီးဟင်းရွက်များကို ဆောင်းရာသီဓာတ်စာအဖြစ် စားပေးသင့်ပါသည်။

အာလူးကလည်း ဆောင်းရာသီဓာတ်စာ ဖြစ်ပါသည်။ သို့သော် အာလူးကိုအခွံနွာ၍ တစ်ညသိပ်ရေစိမ်ပြီးမှ စားပေးသင့်သလို၊ အခွံအစိမ်းရောင်ရှိသော အာလူးမျိုးကို လုံးဝ မစားသင့်ပေ။

နေ့စဉ် စားသောက်နေသည့် ဆန်ထက်စာလျှင် ဆန်လုံးညိုက လူကို အာဟာရပိုစေပါသည်။ ဆန်လုံးညိုမှာ လူသားတို့အတွက် သက်စောင့်ဆေးအာနိသင်များဖြစ်ကြသော မဂ္ဂနီစီယမ်၊ မဂ္ဂနီးစ်၊ ဇင့်၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းနှင့် အမျှင်ဓာတ်များ ကြွယ်ဝစွာပါရှိနေပါသည်။ ၄င်းမျိုးနွယ်ဝင် ကွေကာအုပ်အကြမ်းများကလည်း ဆန်လုံးညိုနီးပါးခန့် လူကို အာဟာရဖြစ်စေသည်။ ထို့ကြောင့် ဆောင်းရာသီတွင် တစ်နေ့တာလုံး အာဟာရပြည့်နေစေဖို့အတွက် ဆန်လုံးညိုဆန်ပြုတ် သို့မဟုတ် ကွေကာအုတ်အကြမ်းတို့ကို ပြုတ်၍ နံနက်စာ အာဟာရအဖြစ် သောက်ပေးသင့်ပါသည်။

ဆောင်းရာသီရောက်သည့်အခါ သဘာဝအလျောက် ခန္ဓာကိုယ်တွင်းမှာ အပူခဲနေပြီး ခန္ဓာကိုယ်ပြင်ပ၏ အသားအရေမှာ အေးစက်နေတတ်ကြသည်။ အပူအအေးမျှတစွာ နေထိုင်ဖို့အတွက် လက်ဖက်ခြောက်ရေနွေးကြမ်း သောက်ပေးသင့်ပါသည်။ ရေနွေးကြမ်းက ကိုယ်ခံအားကောင်းမွန်စေပြီး နှလုံးကျန်းမာရေးသာမက အစာမကြေခြင်းနှင့် အစာအိမ်ကို ကောင်းကျိုးပြုပါသည်။





ဆောင်းဥတုတွင် အသားအရေ ခြောက်သွေ့တတ်သောကြောင့် ခန္ဓာကိုယ်တွင်း ရေဓာတ်မခမ်းခြောက်စေဖို့အတွက် တစ်နေ့လျှင် သောက်ရေရှစ်ဖန်ခွက်ထက်မနည်း သောက်ပေးသင့်ပါသည်။ (ရေခဲရေ လုံးဝ မသောက်ပါနှင့်)

ကြက်သားထဲတွင်ပါရှိသော ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ဖော့စဖရပ်၊ စီလီကွန်၊ ဆာလ်ဖာ စသည့် သက်စောင့်ဓာတ်များက လူကို ခွန်အားဖြစ်စေသည့်ပြင် ဆောင်းရာသီရောဂါများ ဖြစ်ကြသော အစာမကြေခြင်း၊ အအေးမိတုပ်ကွေးနှင့် အပူကန်လည်ချောင်းနာရောဂါတို့အတွက် ကြက်သားက လွန်စွာကောင်းကျိုးပြုပါသည်။

ငါးနှင့် အမဲသားတို့ကလည်း ဆောင်းရာသီအတွက် ဓာတ်စာများ ဖြစ်ကြသည်။

သာမန်ထက် ခန္ဓာကိုယ်တွင်း အပူများသူက ဆောင်းဦးပေါက် ရာသီဥတု အပြောင်းအလဲကာလမှာ အပူကန်ထွက်လာသဖြင့် ကျိုးကန်းပါးစပ်၊ နှုတ်ခမ်းကွဲ၊ လည်ချောင်းနာ၊ မျက်စိနာ၊ အပူချောင်းဆိုး၊ လျှာကွဲ၊ အပူဖျားနာ စသည်တို့ ဖြစ်လာတတ်ကြသည်။ ထိုသူများအတွက် အပူငြိမ်း၍ ဝမ်းမှန်စေဖို့ မန်ကျည်းမှည့်ဖျော်ရည်ထဲကို ဆားထည့်သောက်ပါ။ တလည်းသီးကလည်း ကိုယ်တွင်းအပူအပုပ်များကို လျှော့ချပေးနိုင်ပါသည်။

မှျစ်၊ ချဉ်ပေါင်ရွက်၊ အစိမ်းရောင်ပန်းငရုတ်ချိုပွ၊ မုန်ညင်းစိမ်း၊ ကျောက်ဖရုံသီး၊ ကြက်ဟင်းခါးသီး၊ ခရမ်းချဉ်သီး၊ စောင်းလျားသီး၊ ချဉ်စော်ခါးသီးတို့ကလည်း ဆောင်းတွင်းဓာတ်စာများ ဖြစ်ကြသည်။

ဗီတာမင်စီကြွယ်ဝပြီး အမျှင်ဓာတ်များသော ဂေါ်ဖီထုပ်ကို ဆောင်းရာသီဓာတ်စာ ဟင်းခါးပူပူလေးအဖြစ် မကြာခဏ သောက်ပေးသင့်ပါသည်။

ဆောင်းရာသီမှာ ဝမ်းချုပ်လေ့ရှိသူများက "နံနက်သဘော်၊ ညငှက်ပျော" ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထား၍ နေ့မွန်းမတည့်ခင် သဘော်သီးမှည့် စားပါ။ ညအိပ်ရာမဝင်ခင် ဖီးကြမ်းငှက်ပျောသီးမှည့် စားပါ။

**ဆောင်းရာသီအတွက် ရှောင်ရန် အစားအစာများ။**

အေးမြသည့် ဆောင်းရာသီမှာ အစာကြေညက်ခဲသဖြင့် ဆီနှင့် အဆီအဆိမ့်များကို လျှော့စားသင့်ပါသည်။

အာလူးကြော်၊ ကြက်ကြော်၊ ဒိုးနတ် စသည့် ဆီကြော်မုန့်များ၊ မြေပဲ၊ ဗာဒံစေ့၊ သီဟိုစေ့ စသည့် အစေ့အဆန်များ၊ ကြက်အူချောင်းနှင့် ဝက်အူချောင်းများကိုလည်းရှောင်နိုင်လျှင် ကောင်းပါသည်။

အဆီအနှစ်နှင့် ငရုတ်သီးများသော ဟင်းလျာအစပ်တွေက ရင်ပူစေပါသည်။

ဆောင်းရာသီမှာ ခရမ်းသီးက လူကို ကောင်းကျိုးမပြုနိုင်ပေ။

"ကော်ဖီနှင့် ချောကလက်ဖျော်ရည်များကလည်း ရင်ပူစေတတ်ပါသည်။ ခန္ဓာကိုယ်တွင်း ရေဓာတ်ခမ်းခြောက်မှု မဖြစ်စေရန် ကဖိန်းဓာတ်ပမာဏကို နည်းနိုင်သမျှ လျှော့သောက်ပါ။

ဆောင်းရာသီမှာ အကြော်အလှော်ဟင်းလျာများက ရင်ပူစေနိုင်၍ အသားငါးတို့ကို ဆီဖြင့်ကြော်စားခြင်းထက် ချက်ပြုတ်စားခြင်းက ပိုသင့်လျော်ပါသည်။

အဆီများသော နို့နှင့် နို့ထွက်ပစ္စည်းများဖြစ်ကြသည့် ချိစ်၊ မလိုင်၊ ကရင်မ်များ၊ ၄င်းကရင်မ်ဓာတ်ကဲထားသော ကွတ်ကီးမုန့်များက နှာခေါင်း၊ လည်ချောင်း၊ ရင်ခေါင်းတို့ကို ပိတ်ဆို့စေသည့်ပြင် အစာမကြေခြင်းကိုပါ ဖြစ်စေနိုင်ပါသည်။

ဂျုံဖြင့်လုပ်ထားသော အစားအစာများကလည်း ဆောင်းရာသီမှာ အစာမကြေခြင်းကို ဖြစ်စေနိုင်ပါသည်။

ဓာတုဆေးဝါးသုံး၍ ဖြူဆွတ်အောင် ပြုပြင်ထားသော သကြားများက သွေးဆဲလ်များကို ထိခိုက်စေပြီး ကိုယ်ခံစွမ်းအား ယုတ်လျော့တတ်သည်။ ထိုအခါ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် အအေးမိ၊ ဖျားနာနှင့် ချောင်းဆိုးကူးစက်ပိုးများကို ခံနိုင်ရည်မရှိတော့ပေ။ ထို့ကြောင့် အဖြူရောင်သကြားများနှင့် ၄င်းတို့ဖြင့် ဖန်တီးပြုလုပ်ထားသော အချိုရည်တို့ကို ဝေးဝေးကရှောင်နိုင်လေ ကောင်းလေ ဖြစ်ပါသည်။

စေတနာများစွာ

တင်ထက်ထက်ဇော်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## BTS မှ Jin ၏ တစ်ကိုယ်တော်ဂီတ HAPPY ထွက်ရှိလာ

BTS အဖွဲ့ဝင် ဂျင်(ခေါ်)ကင်ဆွတ်ဂျင်၏ တစ်ကိုယ်တော်ဂီတအယ်လ်ဘမ်၏အမည်ကို HAPPY ဟူသောအမည်နှင့် ထွက်ရှိလာရာ သူ့ကားနံပါတ် H4PP7 နှင့်ဆင်တူနေသည်ဟု ပရိသတ်မှတ်ချက်ပေးထားကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျင်၏ကားလိုင်စင်နံပါတ်ပြားမှာ H4PP7 ဖြစ်ပြီး HAPPY နှင့် ဆင်တူနေကာ ဂျင်၏ [illegible] ဒီဇင်ဘာ ၄ ရက်ဖြစ်ကာ ဆဲဗင်းမှာ ဘီတီအက်စ်အဖွဲ့ဝင် ခုနစ်ဦးကို ရည်ညွှန်းထားသည်ဟု မှတ်ချက်ပေးထားကြပြီး ယူကျူချန်နယ် Jin Running Wild တွင် ရှာဖွေကြည့်ရှုသူများခဲ့သည်။

ဂျင်(ခေါ်)ကင်ဆွတ်ဂျင်နှင့် ဘီတီအက်စ်အဖွဲ့ဝင်များ ရင်းနှီးမှုရှိခဲ့ကြပြီး အပြန်အလှန် တစ်ကိုယ်တော်ဂီတအတွက် အားပေးစကားပြောကြားထားကြပြီး HAPPY နှင့်ပတ်သက်၍ ဂျင်၏ကားနံပါတ်ပြား H4PP7 မှာ ပရိသတ်စိတ်ဝင်စားမှုဖြစ်ခဲ့ကြသည်။ (SKY)

## Matt Dillon ပါဝင်ထားသည့် Takers ကို ပရိသတ်အားပေးထားကြ

နာမည်ကျော်မင်းသားကြီးများ ပါဝင်ထားသည့် Takers ရုပ်ရှင်တွင် မတ်ဒီလွန်၊ ပေါလ်ဝေါကာ၊ အီဒီရက်စ်အီလ်ဘာနှင့် ဂျေးဟာနမ်ဒိုက်စ်တို့ကို ပရိသတ် တစ်ခဲနက်အားပေးထားကြသည်။

လော့စ်အင်ဂျလိမြို့တွင် ဘဏ်တစ်ခုကို သွေးအေးအေးနှင့် စနစ်တကျစီစဉ်၍ ဓားပြမှုကျူးလွန်ခဲ့ကြပုံကို တင်ဆက်ထားရာ ပရိသတ်များ သွေးအေးတည်ငြိမ်လွန်း၍ နှစ်ခြိုက်သဘောကျခဲ့ကြသည်။

ဘဏ်ဓားပြမှုနှင့်ပတ်သက်၍ သူတို့၏နောက်ကွယ်မှ လျှို့ဝှက်ချက်များကို တစ်စစီ ဆွဲထုတ်ပြသခဲ့သဖြင့် ပရိသတ်အားပေးမှုတစ်ခဲနက် ရရှိထားသည်။ (SKY)



## အိုမီဂါ 3 ကြွယ်ဝသောအစားအစာများစားသုံးလျှင် ကင်ဆာရောဂါဖြစ်ပွားနှုန်းနှေးကွေးစေနိုင်မည်



အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားတက္ကသိုလ် ကင်ဆာဌာနမှ ပါမောက္ခ ဝီလျံအေရွန်ဆန်ဦးဆောင်သော သုတေသီများ အိုမီဂါ 3 အာဟာရဓာတ်နှင့်ပတ်သက်၍ သုတေသနပြု လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ အိုမီဂါ 3 ကြွယ်ဝသောအစားအစာများ စားသုံးလျှင် ကင်ဆာရောဂါဖြစ်ပွားနှုန်း နှေးကွေးစေနိုင်မည်ဖြစ်ကြောင်း မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

လူပေါင်း ၁၀၀ကျော်တို့ကို တစ်နှစ်ကြာမျှ လေ့လာခဲ့ပြီးနောက် ငါးကြီးဆီဟု လူသိများသော အိုမီဂါ 3 ဓာတ်က အထူးသဖြင့် အမျိုးသားများတွင် ဖြစ်ပွားလေ့ရှိသည့် ဆီးကျိတ်ကင်ဆာရောဂါ ဖြစ်ပွားနှုန်းကို နှေးကွေးစေနိုင်မည်ဟု တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အိုမီဂါ 3 ဖြည့်စွက်ဆေးသောက်သုံးပေးလျှင် ဆီးကျိတ်ကင်ဆာဖြစ်ပွားခါစအမျိုးသားများ၏ ကင်ဆာဆဲလ်ပွားခြင်းကို ဟန့်တားပေးနိုင်သည်ဟု တွေ့ရှိခဲ့ကြောင်း သိရသည်။ SCI

## Neo Hou@Hou Min Hao ပါဝင်ထားသည့် Back From The Brink မှာ သိုင်းရာဇဝင်ဇာတ်ကားဖြစ်

တရုတ်အနုပညာလောကမှ ထွက်ရှိထားသည့် Back From The Brink ကြမ္မာထုံဖွဲ့လေသော မေတ္တာနှလုံးသားတွင် မင်းသားချော နီအိုဟူ(ခေါ်)ဟူမင်ဟောင်က အဓိကပါဝင်ထားပြီး သိုင်းရာဇဝင်ဇာတ်ကားဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မင်းသားချော နီအိုဟူ(ခေါ်)ဟူမင်ဟောင်နှင့်အတူ မင်းသမီး ကျန်ရီတို့ အဓိက ပါဝင်ထားပြီး အနှောင်အဖွဲ့သစ္စာဖောက်မှုနှင့် စွန့်စားခန်းများဖြင့် သိုင်းကားစစ်စစ်အဖြစ် ဖန်တီးတင်ဆက်ထားသည်။

လောကကြီးတွင် လူသားများ၏ နှလုံးသားမှာ အန္တရာယ်ကို တစ်စစီဖြုတ်၍ ချိတ်ပိတ်ခဲ့ရာမှ ကံကောင်းစွာနှင့် လွတ်မြောက်ခဲ့သော စိတ်ဝိညာဉ်ဖြင့် တစ်ဖန်ပြန်လည် မွေးဖွားလာပြီး ပျောက်ဆုံးနေသော ခန္ဓာကိုယ်ကို ခက်ခဲစွာ ရှာဖွေပုံကို ရိုက်ကူးတင်ဆက်ထားသည်။ (SKY)



## တမီးလ်ရုပ်ရှင် Vettaiyan တွင် အမီတာဘဂျမ်း ပါဝင်ထား




အိန္ဒိယတောင်ပိုင်းတမီးလ်ရုပ်ရှင် Vettaiyan တွင် ဘောလိဝုဒ်အနုပညာရှင်အမီတာဘဂျမ်းက နှစ်ပေါင်း(၃၀)ကြာမှ တမီးလ်မင်းသား ရာဂျနီခြာနှင့်အတူ ရိုက်ကူးထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် အိန္ဒိယတောင်ပိုင်းနှင့်မြောက်ပိုင်း အနုပညာရှင်နှစ်ဦးဖြစ်သည့် ရာဂျနီခြာနှင့် အမီတာဘဂျမ်းတို့ နှစ်ပေါင်း (၃၀)ကြာမှ ပြန်တွေ့ကြပြီး တွဲရိုက်ထားရာ ငါးရက်အတွင်း ကုဋေနှစ်ရာကျော်ဝင်ငွေကို ရထားသည်။

အမီတာဘဂျမ်း၊ ရာဂျနီခြာတို့အပြင် မင်းသားရာနားနှင့် ဖဟတ်တို့လည်း ပါဝင်သရုပ်ဆောင်ထားပြီး ပရိသတ်အကြိုက်တွေ့ခဲ့ရသည်။

တမီးလ်ရုပ်ရှင်ကားများတွင် ဟောလိဝုဒ်အနုပညာရှင်များ ပါဝင်၍ ပရိသတ်ကို ဖမ်းစားနိုင်ခဲ့ရာ Vettaiyan လည်း တစ်ကားအပါအဝင် ဖြစ်ခဲ့သည်။ (SKY)

## Wang Yibo ၏ Marie Clarie မဂ္ဂဇင်းမျက်နှာပုံးပက်ရှင်ချီးကျူးခံရ



တရုတ်အနုပညာရှင် ဝမ်ရိဘို၏ Marie Clarie 2024 December Anniversary issue မဂ္ဂဇင်းမျက်နှာဖုံးပုံကို ဖက်ရှင်စတိုင်လ်လစ်များကြား ချီးကျူးခံခဲ့ရကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝမ်ရိဘိုသည် အဆို၊ အက၊ သရုပ်ဆောင်တွင်သာမက အားကစားကဏ္ဍအပါအဝင် ဖက်ရှင်လောကကိုလည်း လွှမ်းမိုးထားသူတစ်ဦးဖြစ်သည်။

အသက် ၃၀ နှစ်အောက် Asia Pacific Leaders စာရင်းတွင် တရားဝင်စာရင်းသွင်းနိုင်ဖော်ပြခံရသော ဝမ်ရိဘိုသည် ၂၀၂၄ ခုနှစ်အတွက် အနုပညာလှုပ်ရှားမှုများစွာ လုပ်ကိုင်ထားပြီး ၁၅ ကြိမ်မြောက် Macau International Television Festival နှင့် ၁၆ ကြိမ်မြောက် Macau International Film Festival တွင်ပါ ရုပ်သံရော ရုပ်ရှင်အတွက်ပါ အကောင်းဆုံးမင်းသားဆုစာရင်းဝင်ထားသည်။

ဝမ်ရိဘို၏ ပွဲတက်ဖက်ရှင်စတိုင်လ်များမှာ ဖက်ရှင်ကျနု၍ ပရိသတ်စိတ်ဝင်စားမှု ရရှိထားပြီး ယခုမဂ္ဂဇင်းပုံရိပ်ကို ဖက်ရှင်စတိုင်လ်လစ်များကပါ ချီးကျူးထားကြသည်။ (SKY)

## Shin Seon Jeong က Big Hit ၏ CEO အသစ်ဖြစ်လာ

ဘစ်ဟစ်အင်တာတိန်းမင့်၏ စီအီးအိုဟောင်းပတ်ဂျီဝမ် အနားယူသွား၍ ရှင်ဆွန်ဂျောင်ကို စီအီးအိုအသစ် ခန့်အပ်ခဲ့သဖြင့် ဘီတီအက်စ်အဖွဲ့အတွက် ကောင်းမွန်သည့် မျှော်လင့်ချက်ဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှင်ဆွန်ဂျောင်သည် ဘစ်ဟစ်အင်တာတိန်းမင့်တွင် ဘီတီအက်စ်ပွဲဦးမထွက်မီကပင် အဖွဲ့ဝင် ဂျီမင်ကို ထောက်ခံပေးခဲ့ပြီး အဖွဲ့ကို စောင့်ရှောက်ခဲ့သည့် Guardian Angel နှစ်ဦးတွင် တစ်ဦးဖြစ်ခဲ့သည်။

ဘီတီအက်စ်အဖွဲ့ခေါင်းဆောင် အာရ်အမ်ကိုယ်တိုင်က သဘောကျခဲ့ပြီး အနာဂတ်တွင် အဖွဲ့ဝင်များအတွက် ကောင်းမွန်သည့် မျှော်လင့်ချက်လည်းဖြစ်မည်ဟု ပြောကြားထားသည်။ (SKY)



# အမေရိကန်အခြေစိုက် အီးလီဇာကုမ္ပဏီ လျှပ်စစ်ကူးတို့ရေယာဉ်များကို တိုးချဲ့မည်

**ဝါရှင်တန် ဒီဇင်ဘာ ၁၉**

အမေရိကန်အခြေစိုက် အီးလီဇာကုမ္ပဏီအနေဖြင့် လျှပ်စစ်ကူးတို့ရေယာဉ်များကို တစ်နိုင်ငံလုံးတွင် တိုးချဲ့ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



လုပ်ငန်းရှင်များဖြစ်သော ဆမ်ပေရိုဇီနှင့် နာတာလီပိုင်ဗာတို့ နှစ်ဦး ဖက်စပ်တည်ထောင်ထားသည့် အဆိုပါကုမ္ပဏီအနေဖြင့် အမေရိကန် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ လိုင်စင်ရ အင်ဂျင်နီယာဟောင်း အေရွန်လယ်သာဝုဒ်ကို ကုမ္ပဏီညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ပြီးနောက် ထိုလျှပ်စစ်ကူးတို့ရေယာဉ်များ တိုးချဲ့ရေးကိစ္စစီစဉ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် နယ်နိမိတ်အတွင်း လုပ်ငန်းတိုးချဲ့ဆောင်ရွက်ပြီးနောက် အီးလီဇာကုမ္ပဏီ၏ လျှပ်စစ်ကူးတို့ရေယာဉ်ကွန်ရက်ကကို အခြားကမ္ဘာ့နိုင်ငံများအထိ ချဲ့ထွင်သွားရန်အထိ မျှော်မှန်းထားကြောင်း သိရသည်။

Mon






# စွန့်ပစ်အလှကုန်များကို လက်တွေ့အသုံးချကာ ဆေးရောင်စုံအနုပညာလက်ရာများ ဖန်တီးပြသ

**တိုကျို ဒီဇင်ဘာ ၁၉**

စွန့်ပစ်အလှကုန်များကို လက်တွေ့အသုံးချကာ ဆေးရောင်စုံအနုပညာလက်ရာများ ဖန်တီးပြသသည့် အစီအစဉ်တစ်ခုကို ဂျပန်နိုင်ငံ တိုကျိုမြို့တော်၌ စိတ်ဝင်စားသူများ လာရောက်ကြည့်ရှုအားပေးလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုပြပွဲကို တိုကျိုအခြေစိုက် မန်ဂတာကုမ္ပဏီက စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း ကုမ္ပဏီတည်ထောင်သူ ဟိဆနောရိတာနက က ထုတ်ဖော်ပြောကြားသည်။

၎င်းအနေဖြင့် ဂျပန်နိုင်ငံမှ နာမည်ကျော် ကောသေအလှကုန်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီတွင် သုတေသီတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသဖြင့် အလှကုန်ပစ္စည်းများအကြောင်းကို ကောင်းစွာ သိနားလည်ခဲ့သည်။

ယင်းစွန့်ပစ်ပစ္စည်းများကို တစ်ကျော့ပြန်သုံးရန် မန်ဂတာကုမ္ပဏီကို ၎င်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

ဆေးရောင်စုံအနုပညာလက်ရာများပြပွဲတွင် ထိုကုမ္ပဏီက တစ်ကျော့ပြန်သုံးထားသော ဆေးရောင်စုံလက်ရာများကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Mon

# အာဖဂန်နစ္စတန် အလယ်ပိုင်း ဂါဇနီပြည်နယ်အတွင်း ဘတ်စ်ကားနှစ်စီး ဝင်တိုက်၊ လူပေါင်း ၅၀ ဦး သေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်းရှိ ဂါဇနီပြည်နယ်အတွင်း ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် ဘတ်စ်ကား နှစ်စီး ဝင်တိုက်မှုဖြစ်ပွားရာ လူပေါင်း ၅၀ ဦးထက်မနည်း သေဆုံးပြီး ၆၀ ဦးကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကဘူးလ်းမြို့တော်နှင့် တောင်ကန်ဒါဟာမြို့အကြား အဝေးပြေးလမ်းပိုင်းတစ်နေရာတွင် အဆိုပါယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်အစိုးရပြောခွင့်ရသူ ဇာဘီဟူလာ မူဂျာဟစ်က အတည်ပြုပြောကြားသည်။

လူအများအပြား သေဆုံးဒဏ်ရာရခဲ့သဖြင့် မိမိတို့အစိုးရ အထူးစိတ်မကောင်းဖြစ်ရပြီး နောက်နောင် အလားတူဖြစ်ရပ်မျိုး မကြုံတွေ့ရစေရန် ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အာဖဂန်နိုင်ငံရှိ အဝေးပြေးတောင်ပေါ်လမ်းများတွင် လမ်းများမကောင်းခြင်း၊ ယာဉ်စည်းကမ်းကြပ်မတ်မှုလျော့နည်းခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားနေခြင်းဖြစ်ကြောင်း သိရသည်။

Mon



# ဂွယန်တာနာမိုပင်လယ်အော် အကျဉ်းထောင်မှ မလေးရှားနိုင်ငံသား နှစ်ဦး လွတ်မြောက်ခွင့်ရ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၉**

အမေရိကန်စစ်ဘက်ဆိုင်ရာ ကွပ်ကဲမှုလက်အောက်ခံ ဂွယန်တာနာမိုပင်လယ်အော် အကျဉ်းထောင်မှ မလေးရှားနိုင်ငံသား အကျဉ်းသား နှစ်ဦး ယမန်နေ့က လွတ်မြောက်ခွင့်ရခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အကျဉ်းထောင်ထဲတွင် ၁၈ နှစ်ကြာမျှ ကျခံခဲ့ရသော ထိုအကျဉ်းသားနှစ်ဦး ၎င်းနေနိုင်ငံသို့ ဘေးကင်းကျန်းမာစွာဖြင့် ရောက်ရှိလာခဲ့ကြောင်း မလေးရှားရဲချုပ်က အတည်ပြု ပြောကြားသည်။

၎င်းတို့ နှစ်ဦးသည် ၂၀၀၂ ခုနှစ်က ဖြစ်ပွားသော ဘာလီကျွန်းဗုံးဖောက်ခွဲမှုအဓိကသံသယရှိသူများဖြစ်ကြောင်း သိရသည်။Mon



အစ္စရေးတပ်ဖွဲ့များ၏ ယမန်နေ့က ပြုလုပ်သော ဂါဇာမြောက်ပိုင်း လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရသော ကလေးတစ်ဦးကို ကယ်ဆယ်လာစဉ်။ Mon

**STOP AIDS**



# မွမ်ဘိုင်းကမ်းရိုးတန်းဒေသအနီး ရေပြင်ပိုင်နက်အတွင်း မော်တော်ကို ရေတပ်စက်လှေဝင်တိုက်၊ လူ ၁၃ ဦး သေဆုံး

**ဒေလီ ဒီဇင်ဘာ ၁၉**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းကမ်းရိုးတန်းဒေသအနီး ရေပြင်ပိုင်နက်အတွင်း ဒီဇင်ဘာ ၁၈ ရက်က အရပ်ဘက် ကူးတို့မော်တော်ကို ရေတပ်စက်လှေက ဝင်တိုက်မိရာ လူ ၁၃ ဦး သေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အင်ဂျင်စမ်းသပ်နေဆဲဖြစ်သော ရေတပ်စက်လှေ စက်ချို့ယွင်းပြီး ခရီးသည်များ တင်ဆောင်လာသည့် ကူးတို့မော်တော်ကို တည့်တည့် ဝင်တိုက်မိခြင်းဖြစ်သည်။

ရေတပ်ကယ်ဆယ်ရေးအဖွဲ့က တိမ်းမှောက်မလိုဖြစ်သွားသော ကူးတို့မော်တော်ပေါ်မှ လူပေါင်း ၁၀၀ ကျော်ကို ကယ်ဆယ်ခဲ့ပြီး ပျောက်ဆုံးနေသူ နှစ်ဦးကို ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

Mon

# ဗီယက်နမ် အပြည်ပြည်ဆိုင်ရာ လက်နက်အရောင်းပြပွဲ၌ အမေရိကန်လေယာဉ်များလည်း လာရောက်ပြသ

**ဟနွိုင်း ဒီဇင်ဘာ ၁၉**

ဗီယက်နမ်နိုင်ငံမြို့တော် ဂီယာလမ်လေဆိပ်တွင် ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လက်နက်အရောင်းပြပွဲကျင်းပလျက်ရှိရာ အမေရိကန်လေယာဉ်များလည်း လာရောက်ပြသကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါအရောင်းပြပွဲကို ငြိမ်းချမ်းရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုအတွက် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်းချက်က ရှင်းလင်းပြောကြားသည်။

ဒီဇင်ဘာ ၂၂ ရက်အထိ ကျင်းပမည့် ထိုအပြည်ပြည်ဆိုင်ရာ လက်နက်အရောင်းပြပွဲသို့ အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ အီရန်နှင့် အစ္စရေး စသော နိုင်ငံများရှိ ကုမ္ပဏီနှင့်အဖွဲ့အစည်းပေါင်း ၂၅၀ ခန့် ပါဝင်ပြီး နောက်ဆုံးပေါ် စစ်လက်နက်နှင့် ယာဉ်အမျိုးမျိုးကို ပြသထားသည်။




မိမိတို့နိုင်ငံမှ လက်နက်ကုမ္ပဏီများအနေဖြင့် ဗီယက်နမ်အခြေစိုက် စစ်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာလွှဲပြောင်းပေးအပ်ခြင်းများ လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ဗီယက်နမ်ဆိုင်ရာ အမေရိကန်သံအမတ် မာ့ခ်နက်ပါက ထုတ်ဖော်ပြောကြားသည်။

လတ်တလောတွင်မူ ဗီယက်နမ်နိုင်ငံသည် စစ်လက်နက်အများစုကို ရုရှားနိုင်ငံမှ မှာယူတင်သွင်းလျက်ရှိကြောင်း သိရသည်။

Mon

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ပုဗ္ဗသီရိ ဒီဇင်ဘာ ၁၉**

နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ ပွင့်လင်းရာသီသို့ ရောက်ရှိပြီဖြစ်သည့်အတွက် မီးလောင်မှုနှင့် မီးလန့်မှုများမဖြစ်ပွားစေရန် ရည်ရွယ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက ပုဗ္ဗသီရိဈေး၌ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပုဗ္ဗသီရိမြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးညီညီဝင်းက ဈေးအတွင်း၊ အပြင်ရှိဈေးဆိုင်များ၌ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေး၊ မီးသတိရှိရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ပြီးနောက် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဈေးတာဝန်ခံများက ဈေးအတွင်း မီးသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဈေးသူ၊ ဈေးသားများအား မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်စေခြင်းများ ပြုလုပ်ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) မြို့နယ်(ပြန်/ဆက်)**





## မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြပွဲဆောင်ရွက်

**ကသာ ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို ၊ ဒီဇင်ဘာ ၁၅ရက် နံနက် ၉နာရီက ကသာမြို့မဈေးကြီး၌ ကျင်းပခဲ့သည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြပွဲတွင် တာဝန်ရှိသူတစ်ဦးက မီးလောင်မှုအဆင့်ဆင့်နှင့် အဆင့်အတိုင်းတွင် မီးငြိမ်းသတ်ပုံများ၊ အထူးသဖြင့် ကနဦးမီးလောင်မှုအဆင့်တွင် မီးသတ်ဆေးဘူးကို အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ အဝတ်ရေစိုဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့မီးငြိမ်းသတ်ပြပြီး ဈေးသူ၊ ဈေးသားတို့အား လက်တွေ့ငြိမ်းသတ်စေသည်။ ဆက်လက်၍ ဂက်(စ်)အိုးမှ မီးလောင်ခဲ့ပါက ငြိမ်းသတ်ပုံငြိမ်းသတ်နည်းတို့ကို ရှင်းလင်းပြောကြားပြီး လက်တွေ့ငြိမ်းသတ်ပြခဲ့ကာ မီးလောင်နေသည့် အဆောက်အအုံများ မီးလောင်ကျွမ်းပါက မီးငြိမ်းသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ပုံများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ကသာမြို့စည်ပင်သာယာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ) မြို့နယ်(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူတစ်ဦးကို ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့်နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ကမ္မမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁၄ ရက်တွင် ပြည်သူတစ်ဦးကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်းနှင့် ပခုက္ကူမြို့နယ်ရေမျက်ကျေးရွာကို ဒီဇင်ဘာ ၁၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပခုက္ကူမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ ဒီဇင်ဘာ ၁၈ ရက်က ရေမျက်ကျေးရွာနှင့် အနီးဝန်းကျင်များသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း မရှိကြောင်းနှင့် ကမ္မမြို့နယ်အတွင်းမှ ပြည်သူတစ်ဦးကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ခဲ့သည့် သတင်းမှာလည်း သတင်းမှားသာဖြစ်ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့၊ နတ်လှူထိပ်ပန်ရပ်ကွက် ချင်းတွင်းမြစ်အနီး၌ တရားမဝင် စက်သုံးဆီ၊ ဒီဇယ်ဆီ(ချက်ဆီ) ၃၂ ပေပါ ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ ပခုက္ကူခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ရှစ်စီးကို ပို့ကုန်/သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ်၊ ကျွဲချကျေးရွာ၌ တရားမဝင်ရေနံစိမ်း ၃၃ ဂါလန်ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၃၆၆/၆ တံခွန်တိုင် အပိုင်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အခွန်ကောက်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီးကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ကိုးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၂ မျိုးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို ဖမ်းဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဓာတ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မဟာလောကရန်နိမ် အောင်တော်မူမြတ်စွာဘုရား (၁၄၀)ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော် ဆွမ်းသပိတ်နှင့် စာရေးတံမဲများ ဆက်ကပ်လှူဒါန်းပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်ကြည်ညို

**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရန်နိမ် အောင်တော်မူမြတ်စွာဘုရား၏ (၁၄၀) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော် ဆွမ်းသပိတ်နှင့် စာရေးတံမဲများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းကကျင်းပရာ ချမ်းအေးသာစံမြို့နယ်ရှိ ဆင်တဲတိုက်၊ ပရိယတ္တိလင်္ကာရကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍသရာလင်္ကာရာဘိဝံသ အမှူးပြုသော လေးပြင်လေးရပ်မှ ပင့်သံဃာ အပါး (၃၀၁)ပါး ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မဟာလောကရန်နိမ် အောင်တော်မူမြတ်စွာဘုရားကို ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းသပိတ်နှင့် စာရေးတံမဲများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို အောင်တော်မူမြတ်စွာဘုရား ဓမ္မာရုံရှေ့မဏ္ဍပ်တွင် ဆက်လက်ကျင်းပရာ ဆွမ်းသပိတ်နှင့် စာရေးတံမဲများ ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်ချီးမြှင့်တော်မူ လာကြသည့် ဆရာတော်၊ သံဃာတော်တို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့၊ အလှူရှင်များက ဖူးမြော်ကာ ဆွမ်းသပိတ်များလောင်းလှူခဲ့ကြကြောင်းနှင့် စာရေးတံမဲ(ပဒေသာပင်)များကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## မန္တလေးတိုင်းဒေသကြီးအတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု စိစစ်ရွေးချယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများကို နှစ်စဉ် ရွေးချယ်ပြီး ဆုများချီးမြှင့်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် စိစစ်ရွေးချယ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဆုရွေးချယ်ရေးကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

"သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ပေါ်ထွန်းလာစေရန်နှင့် ၎င်းတို့၏ အားထုတ်ကြိုးပမ်းဆောင်ရွက်နေမှုများအား အသိအမှတ်ပြုရန်၊ ဆုရကျောင်းများ၏ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များအား အခြားကျောင်းများမှ အတုယူလိုက်နာ ဆောင်ရွက်နိုင်စေရန်၊ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ၏ ပတ်ဝန်းကျင်ဆိုင်ရာ အလေ့အကျင့်ကောင်းများကို ကျောင်းသူ၊ ကျောင်းသားများမှ နီးစပ်ရာ ရပ်ရွာလူထုများဆီသို့ ဖြန့်ဝေပေးခြင်းနှင့် အတုယူ လိုက်ပါဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ဦးကျော်အောင်မိုးက ပြောကြားခဲ့သည်။

ယခုပညာသင်နှစ်တွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အခြေခံပညာကျောင်းကို စုစုပေါင်း ၂၅ ကျောင်းရှိပြီး၊ ခရိုင်အဆင့် ဇကာတင်ရွေးချယ်ထားသော ကျောင်း ၁၂ ကျောင်းရှိရာ ယှဉ်ပြိုင်သည့် ကျောင်းများမှ ဆောင်ရွက်ထားရှိမှု ရုပ်သံပြကွက်များကို အစည်းအဝေးသို့ တက်ရောက်လာသူများက ကြည့်ရှုခြင်း၊ အခြေခံစံနှုန်း ၄ ချက်၊ အညွှန်းကိန်း ၁၇ ချက်နဲ့ကိုက်ညီမှုအခြေအနေများကို စိစစ်ရွေးချယ်ပြီး တိုင်းဒေသကြီး ပြည်နယ်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆုများကို ရွေးချယ်ပြီး စီမံခန့်ခွဲမှု ကော်မတီ၏ အတည်ပြုချက်များရယူကာ ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့တွင် ဆုများချီးမြှင့်နိုင်ရေးနှင့် အမျိုးသားအဆင့်သို့ တင်ပြနိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

သန့်ရှင်းပြီး စိမ်းလန်းစိုပြည်တဲ့ ကျောင်းဆုရွေးချယ်ရာမှာ အခြေခံစံနှုန်း ၄ ချက်၊ အညွှန်းကိန်း ၁၇ ချက်နဲ့ ရွေးချယ်တာပါ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်ခန်းစာများကို အခြေခံပညာကျောင်းများတွင် သင်ကြားနိုင်ရေး ဆရာကိုင်လက်စွဲစာအုပ်တွေကို ဖြန့်ဝေပေးခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အထောက်အကူပစ္စည်းများဖြစ်သည့် အမှိုက်ပုံးများ ဖြည့်ဆည်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးပါတယ်" ဟု တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဌာနခွဲတာဝန်ခံက ပြောသည်။

မန္တလေးတိုင်းဒေသကြီး အနေဖြင့် ၂၀၁၅ခုနှစ်တွင် ဒုတိယအကြိမ် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ညီညွတ်သော ကျောင်းဆုကို ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၂၆) အခြေခံပညာ အထက်တန်းကျောင်းမှလည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် တတိယအကြိမ် အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ညီညွတ်သော ကျောင်းဆုကို အထက်တန်းအဆင့် အတွက် မတ္တရာမြို့နယ်၊ ရေနံ့သာအခြေခံပညာ အထက်တန်းကျောင်းနှင့် မူလတန်းအဆင့်အတွက် မြစ်သားမြို့နယ်၊ သရက်ပင်-ကံဆွယ် မူလတန်းကျောင်းမှ လည်းကောင်း ရရှိခဲ့သည်။

ယခု အစည်းအဝေးတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုနှင့် စပ်လျဉ်း၍ ယှဉ်ပြိုင်သည့် ကျောင်းများ၏ ကွင်းဆင်းမှတ်တမ်းပုံများနှင့် Video Clip များပြသ၍ တက်ရောက်လာကြသော အဖွဲ့ဝင်များမှ အခြေခံစံနှုန်းနှင့် အညွှန်းကိန်းများနှင့် ကိုက်ညီချက်များအပေါ် အကဲဖြတ်အမှတ်များပေးခြင်း၊ အားသာချက်များကို ရှင်းလင်းဆွေးနွေးခြင်းနှင့် ဆုများရွေးချယ်ရေး ဆုံးဖြတ်ချက်များချမှတ်ခြင်း တို့ကို ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးမှ နိဂုံးချုပ်စကား ပြောကြားခဲ့ပြီး အစည်းအဝေးကို နေ့လည် ၁နာရီခွဲတွင် ရုပ်သိမ်းခဲ့ပါသည်။

**(မန္တလေးနေ့စဉ်-ဖ)**

## မြို့နယ်ပညာရေးမှူးရုံး အဆောက်အအုံသစ် RCC (၂)ထပ်ဆောင် ဆောက်လုပ်ခြင်း (၃၂)ရာခိုင်နှုန်းကျော် ပြီးစီး

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် မြို့နယ်ပညာရေးမှူးရုံး အဆောက်အအုံသစ်(၁၀၀×၃၀) RCC (၂)ထပ်ဆောင် အသစ် ဆောက်လုပ်လျက်ရှိရာ ယနေ့အထိ တည်ဆောက်ရေးလုပ်ငန်း အားလုံး ၃၂ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

တောင်တွင်းကြီးမြို့နယ် မြို့နယ်ပညာရေးမှူးရုံး (၁၀၀ × ၃၀) RCC (၂)ထပ်ဆောင် အဆောက်အအုံသစ် တည်ဆောက်ခြင်းကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ တိုင်းဒေသကြီး ရန်ပုံငွေ (၃၃၀) သန်းဖြင့် တင်ဒါအောင်မြင်သည့် Swam Ahrr Family ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံး (၃၂) ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးတို့ကိုလည်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အရည်အသွေးစစ်ကော်မတီ၊ ပညာရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိသည်။

**(အောက်ပုံ)**

**နောင်နောင် (မိသနီးမြေ)**



# နိုင်ငံတကာ အားကစား သတင်းများ



## အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ နယူးကာဆယ်အသင်း တက်ရောက်

**လန်ဒန် ဒီဇင်ဘာ ၁၉**

အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် နယူးကာဆယ်အသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယူးကာဆယ်အသင်းက ဘရန့်ဖို့ဒ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

နယူးကာဆယ်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၉မိနစ်နှင့် ၄၃မိနစ်တွင် တိုနာလီ၊ ပွဲချိန် ၆၉မိနစ်တွင် ဖေဘီယန်ရှားလ်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

နယူးကာဆယ်အသင်းနည်းပြ အက်ဒီဟောင်းက "ကျွန်တော် တို့ အခုလို ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်လာမည့် ပွဲစဉ်တွေမှာလည်း အနိုင်ရရှိအောင် ကြိုးစားပြီး အသင်းနှင့်အတူ ကာရာဘောင်းလိဂ်ဖလား ချန်ပီယံဆုကြီး ရယူသိမ်းပိုက်သွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ)(NGB)

## FIFA အင်တာနေရှင်နယ်ဖလား ချန်ပီယံဆုကို ရီးရဲလ်မက်ဒရစ်အသင်း ဆွတ်ခူး



**မက်ဒရစ် ဒီဇင်ဘာ ၁၉**

FIFA အင်တာနေရှင်နယ်ဖလား ဗိုလ်လုပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပါချူကာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရီးရဲလ်မက်ဒရစ်အသင်းက ပါချူကာအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ (ဝဲပုံ)

ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၃၇မိနစ်တွင် ဘာပေ၊ ပွဲချိန် ၅၃ မိနစ်တွင် ရိုဒရီဂို၊ ပွဲချိန် ၈၄မိနစ်တွင် ဗင်နီစီယပ်စ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် FIFAအင်တာနေရှင်နယ်ဖလား ချန်ပီယံဆုကို (၆)ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းထုတ်ပြန်ချက်တွင် "အသင်းအနေနဲ့ အခုလို FIFAအင်တာနေရှင်နယ်ဖလား ချန်ပီယံဆု ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အသင်းအတွက် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။ (NGB)

## ချူပိုမိုတင်းအား နယူးယော့ခ်ရက်ဘူးလ်စ်အသင်း ခေါ်ယူ

**ဝါရှင်တန် ဒီဇင်ဘာ ၁၉**

အမေရိကန်မေဂျာလိဂ်ကလပ် နယူးယော့ခ်ရက်ဘူးလ်စ်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူးဟောင်း ချူပိုမိုတင်းအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ၂နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။




အဆိုပါတိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် ဘိုင်ယန်မြူးနစ်၊ မိန့်စ်၊ ရှော့လ်ကာ စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများတွင်ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် နယူးယော့ခ်ရက်ဘူးလ်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၅)နှစ်အရွယ်ရှိ ချူပိုမိုတင်းက "ကျွန်တော် နယူးယော့ခ်ရက်ဘူးလ်စ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ)(NGB)

## ကိုလိုမူအာနီအား ခေါ်ယူရန် အာဆင်နယ်အသင်း စိတ်ဝင်စား




**လန်ဒန် ဒီဇင်ဘာ ၁၉**

အာဆင်နယ်အသင်းသည် ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး ကိုလိုမူအာနီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၄ ပွဲကစားပြီး ၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

တိုက်စစ်မှူး ကိုလိုမူအာနီကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့်အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ပီအက်စ်ဂျီအသင်းထံမှ ကိုလိုမူအာနီအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## ဒေးပစ်ဟန်းကိုအား ဂျူဗင်တပ်အသင်းခေါ်ယူရန် စီစဉ်

**တူရင် ဒီဇင်ဘာ ၁၉**

ဂျူဗင်တပ်အသင်းသည် အသင်းခံစစ်ပိုင်းဖြည့်တင်းရန်အတွက် ဖီယင်နူအသင်း နောက်ခံကစားသမား ဒေးဗစ်ဟန်းကိုအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဖီယင်နူအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၅ပွဲကစားပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဖီယင်နူအသင်းကလည်း ဒေးဗစ်ဟန်းကိုအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဖီယင်နူအသင်းထံမှ ဒေးဗစ်ဟန်းကိုအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ)(NGB)



## ဘန်ဇီမာ ယခုနှစ်ဘောလုံးရာသီကုန်တွင် ဘောလုံးကစားသမားဘဝမှ အနားယူသွားဖွယ်ရှိ

**လန်ဒန် ဒီဇင်ဘာ ၁၉**

ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်အစ်တီဟတ်အသင်း တိုက်စစ်မှူး ဘန်ဇီမာ ယခုနှစ်ဘောလုံးရာသီကုန်တွင် ဘောလုံးကစားသမားဘဝမှ အနားယူသွားဖွယ်ရှိသည်။

အသက်(၃၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အယ်လ်အစ်တီဟတ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၄ ပွဲကစားပြီး ၂၆ ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ပြင် တိုက်စစ်မှူး ဘန်ဇီမာသည် ကစားသမားဘဝတစ်လျှောက်တွင်လည်း လိုင်ယွန်၊ ရီးရဲလ်မက်ဒရစ် စသည့် အသင်းများတွင် ကစားခဲ့ပြီး အောင်မြင်မှုများစွာရယူနိုင်ခဲ့သလို၊ နိုင်ငံလက်ရွေးစင်အသင်းဖြစ်သည့် ပြင်သစ်အသင်းနှင့်အတူ ၂၀၀၇ မှ ၂၀၂၂ အထိ ပြိုင်ပွဲ ၉၇ ပွဲကစားပြီး ၃၇ဂိုး ထိသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သည်။

ထို့ကြောင့် တိုက်စစ်မှူး ဘန်ဇီမာအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ယခုနှစ် ဘောလုံးရာသီအကုန်တွင် ဘောလုံးကစားသမားဘဝမှ အနားယူသွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ)(NGB)



### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၁၂-၂၀၂၄ | (၁၉)လူတန်တောင်း - ဒါဘီ(၁၄) | လူတန်တောင်း ၁-၀ ဒါဘီ | လူတန်တောင်း(အိမ်) | ၁၁ | ၅ | ၃ | ၃ | ၁၆ | ၁၄ |
| နံနက် ၂း၃၀နာရီ | (L,L,D,W,L) (L,L,L,D,W) | ဒါဘီ ၂-၂ လူတန်တောင်း | ဒါဘီ(ဧည့်) | ၁၁ | ၁ | ၄ | ၆ | ၉ | ၁၇ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၁၂-၂၀၂၄ | (၁)ဘိုင်ယန်မြူးနစ် - လိုက်ပဇစ်(၄) | ဘိုင်ယန်မြူးနစ် ၂-၁ လိုက်ပဇစ် | ဘိုင်ယန်မြူးနစ်(အိမ်) | ၆ | ၅ | ၁ | - | ၁၇ | ၃ |
| နံနက် ၂း၀၀နာရီ | (W,W,D,W,L) (D,L,L,W,W) | လိုက်ပဇစ် ၂-၂ ဘိုင်ယန်မြူးနစ် | လိုက်ပဇစ်(ဧည့်) | ၇ | ၄ | ၁ | ၂ | ၁၂ | ၈ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၁၂-၂၀၂၄ | (၁၀)ဂျီရိုနာ - ဗယ်လာဒိုလစ်(၁၉) | ဂျီရိုနာ ၂-၁ ဗယ်လာဒိုလစ် | ဂျီရိုနာ(အိမ်) | ၈ | ၄ | ၁ | ၃ | ၁၅ | ၁၃ |
| နံနက် ၂း၃၀နာရီ | (W,W,D,L,L) (D,L,L,L,W) | ဗယ်လာဒိုလစ် ၁-၀ ဂျီရိုနာ | ဗယ်လာဒိုလစ်(ဧည့်) | ၈ | ၁ | - | ၇ | ၆ | ၂၂ |

### အရှေ့တောင်အာရှ ချန်ပီယံရှစ်(မစ်ဆူဘီရှီ အီလက်ထရစ်ဖလား)ဘောလုံးပြိုင်ပွဲ(အုပ်စု-က)နောက်ဆုံးပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၀-၁၂-၂၀၂၄ သောကြာနေ့ | ည ၇း၃၀ နာရီ | ထိုင်း - ကမ္ဘောဒီးယား |
| ,, | ,, | မလေးရှား - စင်ကာပူ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၁၂-၂၀၂၄ | (၁၇)ဗီရိုနာ - အေစီမီလန်(၈) | ဗီရိုနာ ၁-၃ အေစီမီလန် | ဗီရိုနာ(အိမ်) | ၈ | ၃ | - | ၅ | ၁၁ | ၂၀ |
| နံနက် ၂း၄၅နာရီ | (L,L,L,L,W) (D,D,W,L,D) | အေစီမီလန် ၁-၀ ဗီရိုနာ | အေစီမီလန်(ဧည့်) | ၇ | ၂ | ၂ | ၃ | ၁၁ | ၁၂ |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဆောင်းသီးနှံစိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် မိုးစပါးစံကွက်ရိတ်သိမ်းမှုတို့အား ကွင်းဆင်းကြည့်ရှု





**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့်တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက တံတားဦးခရိုင်အတွင်း ဆောင်းသီးနှံစိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် မိုးစပါးစံကွက် ရိတ်သိမ်းမှုတို့အား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားဦးမြို့နယ် စကားအင်းကျေးရွာရှိ နေကြာပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်သို့ရောက်ရှိပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးက တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံဖြစ်သည့် ဆောင်းနေကြာစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှု၊ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးစားဆောင်ရွက်နေမှု၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ပျားများဖြင့်ဝတ်မှုန်ကူးခြင်းဆောင်ရွက်နေမှု၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပန်းတိုင်ရည်မှန်းချက်များပြည့်မီအောင် မျိုး၊ မြေ၊ ရေ၊ နည်း ဟန်ချက်ညီညီဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့်လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားပြီး တောင်သူများ၏တင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စိုက်ကွင်းအတွင်း ကြည့်ရှုခဲ့သည်။

၎င်းနောက် ဆောင်းကုလားပဲစံပြကွက်သို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများမှ ဆီထွက်သီးနှံများနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများအား ရှင်းလင်းတင်ပြချက်များနှင့်တောင်သူများ၏လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး စိုက်ကွင်းအား ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ တမုတ်ဆိုးကျေးရွာအုပ်စုတွင် ပြုလုပ်သည့် ၂၀၂၄-၂၀၂၅ ခုနှစ်၊ မိုးစပါးစံကွက် ရိတ်သိမ်းမှု ကွင်းသရုပ်ပြပွဲသို့ ရောက်ရှိပြီး တောင်သူများနှင့်ရင်းနှီးစွာတွေ့ဆုံ၍ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးနှင့် သက်ဆိုင်ရာဌာနများ၏ ရှင်းလင်းတင်ပြမှုများ၊ တောင်သူများ၏ လိုအပ်ချက်တင်ပြမှုများအပေါ် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုးစပါးရိတ်သိမ်းအပြီး စိုက်ပျိုးရန် ပိုက်ဆံလျှော်မျိုးစေ့များအား တောင်သူများထံ ပေးအပ်ထောက်ပံ့၍ မိုးစပါးစံကွက်ရိတ်သိမ်းမှုအား ကြည့်ရှုအားပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်း၊ ၆၆ လမ်းမှ ၇၈ လမ်းအထိ နိုင်လွန်ကတ္တရာလမ်းမကြီးအား သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







## သံဃာတော်များ၊ အသက်(၈၅)နှစ်အထက် အဘိုးအဘွားများ၊ ပင်စင်စား(အငြိမ်းစား) ဝန်ထမ်းများအား အခမဲ့ဆေးကုသခြင်းဆောင်ရွက်

**သရက် ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သံဃာတော်များ၊ အသက်(၈၅)နှစ်အထက် အဘိုး၊ အဘွားများ ပင်စင်စား(အငြိမ်းစား) ဝန်ထမ်းများအား အခမဲ့ဆေးကုသခြင်း ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ညွှန့်ရွှေအောင်၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာဝန်များက အသက် ၈၅ နှစ်အထက် အဘိုး၊ အဘွားများကို ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများနှင့် အာဟာရအစားအသောက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(စော်ဝမ်းထွန်း-အောင်လံ)**



# မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ၃/၂၀၂၄ အစည်းအဝေးကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ၃/၂၀၂၄ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း(မန္တလေး)၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ခရီးသွားလုပ်ငန်းသည် သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခြင်းမရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီးဖြစ်ပါကြောင်း၊ နိုင်ငံအတွင်း ဒေသအတွင်း ခရီးသွားအခြေခံကောင်းများစွာရှိပါကြောင်း၊ ခေတ်နှင့်အညီပြောင်းလဲလာသည့် ခရီးသွားပုံစံ၊ ခရီးသွားဧည့်သည်များ၏ ကြိုက်နှစ်သက်မှုများကို ထည့်သွင်းစဉ်းစားကာ သဘာဝပတ်ဝန်းကျင်နှင့်ယဉ်ကျေးမှု စရိုက်လက္ခဏာများကို မထိခိုက်စေဘဲ ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေသည့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ကဏ္ဍအသီးသီးက ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေက ခရီးသွားဖွံ့ဖြိုးရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မျိုးလတ်က ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လုပ်ငန်းများနှင့်ပတ်သက်၍ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

၄င်းနောက် တက်ရောက်လာကြသူများက ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ကြုံတွေ့နေရသည့် အခြေအနေများ၊ သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြကြရာ သက်ဆိုင်ဌာနများမှတာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြဆွေးနွေးအကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

သတင်း စာမျက်နှာ ၁၂



သတင်း စာမျက်နှာ ၁၂



➤ စာမျက်နှာ ၂၄ မှ

အုပ်စု(A)နောက်ဆုံးနေ့အဖြစ် ဒီဇင်ဘာ ၂၀ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲ တွင် ထိုင်းအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ မလေးရှားအသင်းနှင့်စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု(A)တွင် ထိုင်းအသင်းက သုံးပွဲကစားကိုးမှတ်၊ စင်ကာပူအသင်းက သုံးပွဲကစား ခြောက်မှတ်၊ မလေးရှားအသင်းနှင့် ကမ္ဘောဒီးယားအသင်းက သုံးပွဲကစား လေးမှတ်စီရရှိထားကာ တီမောအသင်းမှာမူ ပွဲကုန်လေးပွဲကစားအမှတ် မရှိခဲ့ပေ။ ဆီမီးဖိုင်နယ်သို့ ထိုင်းအသင်းက တက်ရောက်ထားပြီး နောက်လက်ကျန်တစ်နေရာအတွက် စင်ကာပူအသင်း၊ မလေးရှားအသင်း၊ ကမ္ဘောဒီယားအသင်းတို့က ဆီမီးဖိုင်နယ်တက်ရောက်ရေးအတွက်အားပြိုင်သွားရမည်ဖြစ်သည်။

အုပ်စု(B)နောက်ဆုံးနေ့အဖြစ် ဒီဇင်ဘာ ၂၁ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် မြန်မာအသင်း၊ အင်ဒိုနီးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ပွဲကစားမည်ဖြစ်သည်။ အုပ်စု (B)တွင် ဗီယက်နမ်အသင်းက သုံးပွဲကစား ရမှတ် ၇မှတ်၊ အင်ဒိုနီးရှားအသင်းနှင့် မြန်မာအသင်းက သုံးပွဲကစား ရမှတ် ၄မှတ်၊ လာအိုအသင်းမှာမူ လေးပွဲစလုံးကစားအပြီး ရမှတ် ၂ မှတ်သာ ရရှိထားသည်။ ဆီမီးဖိုင်နယ်တက်ရောက်ရေးအတွက် ဗီယက်နမ်အသင်းက အခွင့်အရေးများနေဆဲဖြစ်ပြီး၊ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ဖိလစ်ပိုင်အသင်းတို့မှာမူ ဆီမီးဖိုင်နယ် တက်ရောက်ရေးအတွက်အားပြိုင်သွားရမည်ဖြစ်သည်။ **(NGB)**

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

# ကျောက်ဆည်မြို့နယ်တွင် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

**ကျောက်ဆည် ဒီဇင်ဘာ ၁၉**

ကျောက်ဆည်ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ မိုခါမုန့်တိုင်းကြောင့် ရေဘေးသင့်ခဲ့သော ကျောက်ဆည်မြို့နယ် ပင်တလည်ကျေးရွာအုပ်စု၊ ထားဝယ်ကျေးရွာတွင် ယမန်နေ့ နံနက်ပိုင်းက လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဖွင့်ပွဲကျင်းပခဲ့သည်။ သင်တန်းဖွင့်ပွဲသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ဆက်စပ်ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ရပ်မိ၊ ရပ်ဖများ၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ကြသည်။



အခမ်းအနားတွင် ကျောက်ဆည်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်စကားများ ပြောကြားကြသည်။ သင်တန်းကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ပန်းကန်ဆေးဆပ်ပြာထုတ်လုပ်ခြင်း၊ ဘက်စုံသုံးဆပ်ပြာထုတ်လုပ်နည်း၊ သဘာဝခေါင်းလျှော်ရည်ထုတ်လုပ်နည်းများကို စာတွေ့လက်တွေ့သင်ကြားပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**(မောင်ပြည်သူ-မန္တလေး)**

၀-၀-၀-၀-၀

# မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲ ကျင်းပ




**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စီမံဌာနမှ ကြီးမှူး၍ အမျိုးသား စစ်တုရင်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ တွင် ကျင်းပသည်။

အမျိုးသားစစ်တုရင်ပြိုင်ပွဲ ပွဲစဉ်များကို ဌာနပေါင်းစုံမှ ပြိုင်ပွဲဝင် ၂၈ ဦး ပါဝင်ယှဉ်ပြိုင်ပြီး အုပ်စု ၇ စုခွဲပြီး ယှဉ်ပြိုင်ကြရာ ယနေ့ နံနက်ပိုင်းတွင် အုပ်စုလေးစု အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး စစ်တုရင် အားကစားဆပ်ကော်မတီမှ ဒိုင်လူကြီးများက ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် စစ်တုရင်ဥပဒေများနှင့်အညီ ကြီးကြပ်ပေးခဲ့သည်။

(ဝဲပုံ)

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်တွင် အုပ်စုသုံးစု ဆက်လက်ယှဉ်ပြိုင်ကာ ဗိုလ်လုပွဲစဉ်ကို တက်ရောက်သည့် အားကစားသမားများ ယှဉ်ပြိုင်မှုအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ချမ်းမြသာစည်မြို့နယ်၊ မန္တလာသီရိအားကစားပြိုင်ကွင်းတွင် ဖူဆယ်ဘောလုံး အားကစားနည်းများလည်း ကျင်းပလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

## လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

### စားအုန်းဆီတင်သွင်းမှုများပြားနေခြင်းကြောင့် ပြည်တွင်းဆီစက်ပိုင်များ ပဲဆီရောင်းချရမှုကျဆင်းနေဟု ဆို

ပြည်တွင်းဆီဈေးကွက်အတွင်း စားအုန်းဆီ တင်သွင်းမှုများပြားနေခြင်းကြောင့် ပြည်တွင်းဆီစက်ပိုင်များ ပဲဆီရောင်းချရမှု ကျဆင်းနေကြောင်း ဆီစက်ပိုင်များထံကသိရသည်။

ထိုသို့ ပဲဆီဈေးများကျဆင်းမှုနှင့်အတူ တောင်သူများတိုးချဲ့စိုက်ပျိုးထုတ်လုပ်ထားသည့် မြေပဲဆန်၊နှမ်းနှင့်နေကြာသီးနှံ ပေါက်ဈေးများကျဆင်းလာပြီး အရောင်းအဝယ်အေးလာကြောင်း ပြည်တွင်းမှာ စားအုန်းဆီများ ယခုလို ပိုလျှံနေခြင်းကြောင့် ဆီထွက်သီးနှံစိုက်ပျိုးသည့် ကွင်းဆက်တစ်ခုလုံးကိုထိခိုက်မှုရှိနေပြီး နိုင်ငံခြားငွေသုံးစွဲမှု ပိုမိုများပြားနိုင်ကြောင်း မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆန်းထွန်းလွင်က ပြောသည်။

"စားအုန်းဆီတွေက နယ်စပ်ကနေ မှောင်ခိုဝင်မဝင်တော့ သက်သေမရှိလို့ အတည်မပြုနိုင်ပါဘူး။ စားအုန်းဆီတွေ ဈေးကွက်ထဲမှာ အလျှံပယ် များနေပါတယ်။ လက်ရှိ ဆီစက်ပိုင်အများစုမှာ စနာရီတစ်ဆိုင်းလည်ပတ်ထွက်ရှိတဲ့ ပြည်တွင်းထုတ် ပဲဆီများတောင် ကုန်အောင်ရောင်းချနိုင်ခြင်းမရှိပါဘူး။ ဒီတော့ ပြည်တွင်းက ဆီထွက်သီးနှံစိုက်ပျိုးတဲ့တောင်သူတွေ ဈေးကောင်းမရသလို အရင်းတောင် အနိုင်အနိုင်ဖြစ်နေပါတယ်"ဟု ၄င်းက ပြောသည်။

လက်ရှိမှာ ပြည်တွင်းစားဆီဈေးကွက်သို့ ကုမ္ပဏီ ၂၆ ခုကနေ တစ်လလျှင် စားအုန်းဆီတန်ချိန် ၅၀၀၀၀ ဝန်းကျင် တင်သွင်းနေကြောင်း မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ အသင်းက ထုတ်ပြန်ထားသည်။

စာအုန်းဆီရည်ညွှန်းဈေးမှာ ဒီဇင်ဘာ ၁၆ရက်မှ ၂၂ရက်အတွင်း ရန်ကုန်အထိုင်ရည်ညွှန်းဈေးမှာ တစ်ပိဿာငွေကျပ် ၇၂၅၀ သက်မှတ်ထားပြီး ယခင်သီတင်းပတ်များထက် ဈေးနှုန်းအနည်းငယ်ကျဆင်းလာကြောင်း တွေ့ရသည်။

ဒီဇင်ဘာ ၁၉ ရက်တွင် စားအုန်းဆီမှာ လက်လီဈေးကွက်မှာ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ကျော်ပေါက်ဈေးရှိနေပြီး ပဲဆီဈေး ဈေးကွက်မှာ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀-၁၅၅၀၀-၁၆၀၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းမှာ ဆီဖူလုံမှုရှိစေရန်နှင့် စာအုန်းဆီသုံးစွဲရသည့် လုပ်ငန်းများအတွက် စားအုန်းဆီတင်သွင်းနေခြင်းဖြစ်ပြီး ယင်းဆီတင်သွင်းမှုအတွက် ဗဟိုဘဏ်မှ ဆီတင်သွင်းမှုများအတွင်း ဒေါ်လာများထုတ်ရောင်းချပေးလျက်ရှိသည်။

ပြည်တွင်းဆီစက်များ ရောင်းအားကောင်းခြင်း၊ မကောင်းခြင်းမှာ ပြည်တွင်းဆီထွက်သီးနှံများ ဈေးနှုန်းအတက်အကျကို သက်ရောက်မှုရှိနေသလို စားဆီဈေးမှာစားအုန်းဆီများ ပိုလျှံနေခြင်းကလည်း ပြည်တွင်း ပဲဆီဈေးကွက်ကို တိုက်ရိုက်သက်ရောက်မှုရှိနေကြောင်း ဆီလုပ်ငန်းရှင်များထံက သိရသည်။

သို့ဖြစ်၍ ပြည်တွင်းဆီထွက်သီးနှံများ၏ဈေးကွက်မှာ တောင်သူများ စိုက်ပျိုးစရိတ်အောက်ကျဆင်းမှုမရှိလာစေရန် စားအုန်းဆီတင်သွင်းမှုကို ချိန်ဆတင်သွင်းရန်လိုအပ်ကြောင်း သိရသည်။

**ရွှေမန်း**





### ပဲလွန်းဖြူ၊ ပဲလွန်းပြာများ အသစ်ဝင်ရောက်လာသော်လည်း ဈေးကောင်းမရရှိသေး

ပဲ၊ နှမ်းဈေးကွက်အတွင်း ပဲလွန်းဖြူ၊ ပဲလွန်းပြာများ အသစ်ဝင်ရောက်လာသော်လည်း ဈေးကောင်းမရှိသေးကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

လက်ရှိ ပဲ၊ နှမ်းဈေးကွက်အတွင်း ပဲလွန်းဖြူ၊ ပဲလွန်းပြာများ အသစ်ဝင်ရောက်လာရာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် လေးသိန်းနီးပါးပေါက်ဈေးရှိနေသည်။

ပြည်တွင်းဒေါ်လာဈေးကျဆင်းမှုတွေနှင့်အတူ ပြည်တွင်းပဲ၊နှမ်းဈေးကွက်မှာ ဈေးနှုန်းအနည်းငယ် ကျဆင်းလာကြောင်း ပဲဆီများဝယ်လိုအား ကျဆင်းနေသဖြင့် မြေပဲဆန်ဈေးတွေ ဈေးကျဆင်း အဝယ်အေးလာကြောင်း လက်ရှိမှာ ပြည်တွင်းကုန်စည်ပို့ဆောင်ရာမှာ မလိုလားအပ်သည့် ကုန်ကျစရိတ်များ ရှိလာသောကြောင့် ကုန်သည်များ အရောင်းအဝယ်ပြုလုပ်မှုနည်းလာကြောင်း ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ) ပိုင်ရှင်က ပြောသည်။

"ပဲဈေးကွက်က အကုန်ဈေး တွေကျဆင်းလာပါတယ်။ ပြည်တွင်းသုံး ကုလားပဲ အုပ်စုတွေအကုန် သုံးတင်းဝင်တစ်အိတ် ငွေကျပ် သုံးသိန်းအောက်ကို ဈေးကျဆင်းနေပါတယ်။ ကျန်တဲ့ ပြည်တွင်းသုံးပဲတွေလည်း ထူးခြားမှုမရှိဘဲ ကနေဒါစားတော်ပဲတွေလည်း ဈေးကျဆင်းနေပါတယ်။ မြေပဲဆန်တွေလည်း ပဲဆီတွေ မရောင်းရတော့ ဈေးအေးနေပါတယ်။ ဒေါ်လာဈေးကျဆင်းမှုနဲ့အတူ ပြည်တွင်းမှာ ကုန်စည်ပို့ဆောင်ရာမှာလည်း မလိုလားအပ်တဲ့ ကုန်ကျစရိတ်တွေရှိလာတော့ ပဲဈေးကွက်ကျဆင်းချိန်မှာ ကုန်သည်တွေ အရောင်းအဝယ် သိပ်မလုပ်ချင်ကြဘူးဖြစ်နေပါတယ်။ ပဲအသစ်အနေနဲ့ ပဲလွန်းဖြူ၊ ပဲလွန်းပြာတွေ ဝင်ရောက်နေပါပြီ"ဟု ၄င်းက ပြောသည်။

ဒီဇင်ဘာ ၁၉ ရက်တွင် ပို့ကုန်မတ်ပဲ(ဟောင်း)တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀၊ မတ်ပဲ(အသစ်) တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ပဲစင်းငုံမှာ ပဲနှမ်းဈေးကွက်အတွင်း ဝင်ရောက်မှုမရှိသေးသော်လည်း နယ်ဈေးကွက်တွင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀ ခန့်ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်း(အညာ)တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိလာပြီး ဈေးမြင့်တက် အဝယ်သွက်နေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အဝယ်အေးနေရာ ဒီဇင်ဘာ ၁၉ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၀၇၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးအနည်းငယ်မြင့်တက်လာရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၈၅၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၈၀၀-၈၉၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံမှာ အရောင်းအဝယ်ပြန်သွက်လာရာ ဒီဇင်ဘာ ၁၉ ရက်တွင် နှမ်းနက်(စမုန်) ၄၅ပိဿာတစ်အိတ်လျှင် ငွေကျပ် ၆၆၀၀၀၀၊ အက်စစ်လွတ်တစ်အိတ်လျှင် ငွေကျပ် ၆၉၅၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀၀၊ နှမ်းဖြူ(ဗမာ-သစ်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ နှမ်းညို ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀ အသီးသီး ပေါက်ဈေးရှိနေရာ နှမ်းအမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ကျော် ဆက်လက်မြင့်တက်လာကြောင်း သိရသည်။

**ရွှေမန်း**

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု စာဖတ်ဝိုင်းကျင်းပ



**ပြင်ဦးလွင် ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စာရေးဆရာ ပီမိုးနင်းရေးသားသည့် တိုးတက်ရေးလက်စွဲ စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၈ရက် မွန်းလွဲ ၁ နာရီက ပိန္နဲကုန်းကျေးရွာ အ·ထ·က(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလွင်က စာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အထများ၊ အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် နလုံးသား လှပသော လူငယ်များဖြစ်လာစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ ပီမိုးနင်းရေးသားသည့် တိုးတက်ရေးလက်စွဲ စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပိန္နဲကုန်း အ·ထ·က(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူများက စာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးခဲ့ကြရာ ပြင်ဦးလွင်ခရိုင် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် စာရေးဆရာ ကိုရွှေအောင်သင်းက ဖြည့်စွက်ဆွေးနွေးပေးခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများကလည်း မိမိတို့၏ အမြင်များကို ချစ်ခင်ရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် စာဖတ်ဝိုင်းတွင် ဆွေးနွေးပေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား စာရေးဆရာကိုရွှေအောင်သင်းက စာအုပ်များကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**သွေးသွေး(စရိုင်ပြန်/ဆက်)**

# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများ အသိပညာပေး ဟောပြော

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စားသုံးသူကာကွယ်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို၊ ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက စံပြရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာဂုဏ်ရောင်ခန်းမတွင် ပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးကိုယ်စား အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြသန္တာထွန်းက စားသုံးသူကာကွယ်ရေးဆိုင်ရာဥပဒေများအကြောင်းကိုလည်းကောင်း၊ ဒေါ်နှင်းအိဝင်းက အစားအသောက်များတွင် ပါဝင်သည့် ဆိုးဆေးများအန္တရာယ်နှင့် ဖြစ်ပွားနိုင်သည့်ရောဂါများအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က ကလေးအလုပ်သမားပပျောက်ရေး အကြောင်းအရာများနှင့် ဒုတိယဦးစီးမှူး ဒေါ်သဲဖြူက စာဖတ်ရှိန်မြှင့်တင်ရေး၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေး ဟောပြောကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူလေးများကသိလိုသည်များကို မေးမြန်းကြရာ စားသုံးသူရေးရာ ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ မြို့နယ်ပညာရေးမှူး ဦးသိန်းဒန်၊ ကျောင်းအုပ်ဆရာကြီးနှင့် Grade-10 မှ တန်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၅၆)

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့ ။



ဖတ်စရာ၊ မှတ်စရာ စုံလင်



## ပြာသိုနှင်းမှ ခွာညိုပန်းအလှ

* လ, ပြာသို
မြူခွာညို အသွင်တင့်ပါဘိ
ပင်မြင့်မှာ နွယ်လိမ်ယှက်
အခက်အလက်နှင့်ကို -----။
ငွေနှင်းရယ်စို
မြေတလင်း မိုမိုထက်က
ပင်ယှက်လိမ်အမြင့်ဖျားမှာ
ကြွားဝင့်ဟန်ပို ----။
လှပါတယ်ဆို
အမွှေးချိုဟန်နှသွေး
ပျိုလေးမေ ဆံကေထက်မှာ
နန်းဆန်လိုက်သေး ----။
* ပြာသိုရဲ့ ခွာညို
စန္ဒာပျို "မကာရ" မှာ
ဝင်းပလို ခြုံ ----။
ငွေနှင်းရယ်မှုံ
လေညင်းမြောက်ပြန်ဆီက
ဆောင်းရာသီ ဟေမန္တမှာ
အေးခိုက်ခိုက်ကြုံ ----။
လွမ်းမကုန်
ချမ်းတုန်လို့ တူယှဉ်နွေး
ချစ်တဲ့သူ ကြူကြူရမွှေးဖို့
လှမ်းဆွတ်ကာပေး -----။ ။

**သျှင်သစ္စာ**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**မိုင်းယု ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဦးစီးကျင်းပသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်း ကအဆိုပါရုံး၏ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့ဦးစီးမှူး ဦးအားချာက လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၏ သတ်မှတ်ချက်စည်းမျဉ်းစည်းကမ်းများကို ဟောပြောရှင်းလင်းခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်းမှ Grade-3 ကျောင်းသား၊ ကျောင်းသူများအား လွတ်လပ်ရေးနှင့်ပတ်သက်သည့် ပုံများအား ရောင်စုံဆေးရောင်ခြယ်သခြင်း ပြိုင်ပွဲ ပြုလုပ်ပေးခဲ့သည်။

ယင်းနောက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် နံရံကပ်စာစောင်များအား ပြသပေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**ကိုကိုနိုင်**



# သတင်းပဒေသာ

## ပုံတူပန်းချီဆွဲပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ခန္တီးမြို့တွင် ကလေးငယ်များအား ကိုယ်ရည်ကိုယ်သွေးမြင့်မားလာစေရန်အတွက် ပုံတူပန်းချီဆွဲပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်၌ ဒီဇင်ဘာ ၁၈ရက် နံနက် ၁၀ နာရီက ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်အေးအေးခန့်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများ ပြောကြားခဲ့သည်။ မူလတန်းအဆင့်ကလေး ၁၅ ဦးက ပုံတူပန်းချီဆွဲပြိုင်ပွဲတွင်လည်းကောင်း၊ ဆေးရောင်ခြယ်ပြိုင်ပွဲတွင်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားခရိုင် ဦးစီးမှူး ဒေါ်နန်းအေးခိုင်က စာအုပ်နှင့် ဘောပင်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်တွင် ၂၀၂၅-ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်မည့် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အမှတ် ၂ ရပ်ကွက်ရှိ ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ၁ ဗိုလ်မှူးနေလင်းက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်များနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဦး၊ ဆပ်ကော်မတီများမှတာဝန်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများက ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်၊ တာလေမြို့တွင် တာချီလိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက နားယောင်းကျေးရွာအုပ်စု၊ ဗေသလကျေးရွာရှိ ဗိုလ်လုံဦးကျာရှော အောက်မေ့ဘွယ်ခန်းမတွင် ကျင်းပသည်။ ထို့နောက် မြို့အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဗေသလ၊ တောင်သုံးလုံးနှင့် မယ်လိတ်ပါကော ကျေးရွာတို့မှ ထူးချွန်သင်တန်းသူ ၁၅ ဦးကို အပ်ချုပ်စက်၊ ဒါးစက်၊ ဘီတင်စက်၊ ထုပ်သီးရိုက်စက်နှင့်မှိုလ် စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောင်းအခြေပြု အဆုပ်တီဘီရောဂါရှာဖွေရေး လှုပ်ရှားမှု ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းအခြေပြု အဆုပ်တီဘီရောဂါရှာဖွေရေးလှုပ်ရှားမှုကို ဒီဇင်ဘာ ၁၇ ရက်နှင့် ဒီဇင်ဘာ ၁၈ရက်များတွင် ဆောင်ရွက်ခဲ့သည်။ အဆုပ်တီဘီရောဂါရှာဖွေမှုတွင် မိုင်းနောင်တိုက်နယ်ဆေးရုံမှ တာဝန်ခံဒေါက်တာဝေယံစိုးနှင့် ကျန်းမာရေးဌာနမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဆွမ်းဆက်ကပ်လှူဒါန်း



**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှသစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတာဘက်နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဆွမ်းကပ်မင်္ဂလာ အလှူတော်ကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းကပ်မင်္ဂလာ အလှူတော်တွင် ကွယ်လွန်သူ ဖခင်ကြီးဦးထိန်ဝင်းနှင့် မိခင်ကြီး ဒေါ်ခင်ညိုရီတို့အား ရည်စူး၍ ကျန်ရစ်သူ ၅၅လမ်းနှင့်မနော်ဟာရီလမ်းထောင့်ရှိ မြင့်မိုရ်ဦး မိသားစုတို့က နဂါးကိုးကောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ အမှူးရှိသော ဆရာတော်၊ သံဃာတော်များထံမှ သီလတရားများကို နာယူကြည်ညိုလျက် ဆွမ်းအစရှိသော လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ လှူဒါန်းခဲ့သည်။

ထို့နောက် နံနက် ၁၀နာရီခွဲတွင် နဂါးကိုးကောင်ဆရာတော် အမှူးရှိသော ကျောင်းတိုက်အတွင်းရှိ ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းကပ်လှူဒါန်းခဲ့သည်။

ယခုအခါ အဆိုပါကျောင်းတွင် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ကျော်ခန့်ကို ဆရာ၊ ဆရာမ ၃၀ ဦးတို့ဖြင့် ပညာသင်ကြားပေးလျက်ရှိပြီး သံဃာတော်များနှင့် သီလရှင် ဆရာကြီး၊ ဆရာလေးများလည်း သီတင်းသုံးနေထိုင်လျက်ရှိသဖြင့် ဆွမ်းနှင့်တကွ ပညာရေးအထောက်အပံ့ပစ္စည်းများ လိုအပ်လျက်ရှိနေပါသဖြင့် အလှူရှင်များ ဖိတ်ခေါ်လျက်ရှိသည်ကို တွေ့ရသည်။ ဆက်သွယ်လှူဒါန်းလိုသော စောမွန်လှဆွေတော်မျိုးတော်များ၊ ပဋ္ဌာန်းဆက် အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၂၀၃၂၂၄၇နှင့် ၀၉-၄၀၂၅၉၈၃၅၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ) (ကဆ)**



## ပရဟိတလုပ်ငန်းများတွင် အသုံးပြုရန် မော်တော်ယာဉ်တစ်စီး လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ကြီးရပ်ကွက်နေ အလှူရှင်ကွယ်လွန်သူများဖြစ်ကြသော ဦးသံချောင်း+ဒေါ်ခင်ဝင်းနှင့်မတင်နွယ်ဝင်းတို့အားရည်စူး၍ သား၊သမီး၊ မြေးတစ်စုတို့က ကန်ကောက်ရပ်ကွက်အတွင်းရှိ နှလုံးလှမေတ္တာ လူမှုကူညီသူများအသင်း၏ ပရဟိတလုပ်ငန်းများတွင်အသုံးပြုရန် မော်တော်ယာဉ်တစ်စီးလှူဒါန်းခြင်းနှင့် နှစ်ဖက်လှ လူမှုကူညီရေးအသင်းသို့ စတီးလ်စားပွဲ ၁၅ လုံး လှူဒါန်းခြင်းတို့အတွက် ရေစက်ချအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဝါခင်းကုန်းဂန္ထာသဃပရိယတ္တိစာသင်တိုက် ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဝါခင်းကုန်းဂန္ထာသဃပရိယတ္တိ စာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တကုမုဒဆရာတော်ကြီးထံမှ အလှူရှင်မိသားစုများနှင့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်သည့် ပရိတ်တရားတော်များကို ရိုသေစွာနာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် ပဓာနနာယကဆရာတော်ကြီးက အနုမောဒနာတရားဟောကြားချီးမြှင့်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေခဲ့ကြသည်။ ဆက်လက်၍ အလှူရှင်မိသားစုက ဆရာတော်၊ သံဃာတော်များအားနေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ကြွရောက်လာကြသည့် ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မန္တလေးနေ့စဉ်(၁)**

## အမှတ်(၁၀)အ.ထ.က မိဘဆရာတွေ့ဆုံပွဲကျင်းပ ကျောင်းဖွံ့ဖြိုးရေး ဆွေးနွေး၊ စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ ကျောင်းဘက်စုံဖွံ့ဖြိုးရေးတွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၇ရက် နံနက် ၁၀နာရီက မြနန္ဒာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးကြွယ်က ကျောင်းဘက်စုံဖွံ့ဖြိုးရေး၊ ဥပတိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးအတွက် မိဘများပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာများကိုလည်းကောင်း၊ မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်စန္ဒာဝင်းက တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးနှင့် ပညာရေးစုံညီပွဲတော် ကျင်းပရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့် အတွင်းရေးမှူး ဦးကျော်နိုင်မင်းတို့က ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများ အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဒိုင်အိုစီဇင်သံတဲကျောင်း နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် ထုတ်ဝေခဲ့သော မဂ္ဂဇင်းစာအုပ်များကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ကျောင်းစာကြည့်တိုက်သို့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် စာကြည့်တိုက်တာဝန်ခံတို့မှလည်းကောင်း၊ ကျောင်းဖွံ့ဖြိုးရေးအတွက် အောင်မြေသာစံမြို့နယ်၊ လမ်း၂၀၊ ၈၆လမ်းနှင့် ၈၇လမ်းကြား၊ ရွှေပြည်ရပ်နေ ဦးမင်းဇော်+ဒေါ်အေးအေးချစ် မိသားစုက ငွေကျပ် နှစ်သိန်းလှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ လက်ခံရယူခဲ့ပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၀၄၅)**



# သတိပြုဖွယ် သတင်းနယ်ပယ်(၆)

နိုင်ဗလ



သတင်းသမားတစ်ဦး၊ ဂျာနယ်လစ်တစ်ဦး သတင်းစာဆရာတစ်ဦးဖြစ်ရန် (၁)အပေါင်းအသင်းဆုံရမည်။ (၂) မျက်စိနားကို အမြဲဖွင့်ထားရမည်။ (၃) စိတ်အားထက်သန်ရမည်။ (၄)ဝေဖန်ပိုင်းခြားတတ်ရမည်။ (၅)ကြံဖန်တတ်ရမည်။ (၆) ယုံကြည်မှုကို လေးစားရမည်။ (၇)လူတိုင်း၏ အကျိုးကို စေတနာထားရမည်။ (၈) ဖွဲလုံ့လရှိရမည်။ (၉) ကိုယ်ကျင့်တရားကောင်းရမည်။ (၁၀) တရားမျှတရမည်ဟု ဆိုထားပြီးဖြစ်သည်။ ထိုအချက်များသည် ယေဘုယျမျှသာဖြစ်သည်။ အခြေခံမျှသာဖြစ်သည်။ အမှန်တကယ် သတင်းစာဆရာ၊ အယ်ဒီတာအလုပ် လုပ်သောအခါ လိုအပ်သော အချက်များက များလှသည်ကို တွေ့ရသည်။

မန္တလေးနေ့စဉ်သတင်းစာတိုက်မဖွင့်ခင် (၁၅)နှစ်ခန့်လောက်ကတည်းက သတင်းစာပညာအခြေခံကို စာတွေ့အားဖြင့် သင်ယူခဲ့ပြီးဖြစ်သည်။ ငယ်စဉ်ကတည်းကပင် (အလယ်တန်းကတည်းက) စာပေပုံစံနှစ်မျိုး ပုံနှိပ်ဖော်ပြခံခဲ့ရသည်ထိ စာပေဝါသနာဖြင့် ကြိုးစားခဲ့သည်။ မြန်မာစာဘာသာရပ်ကို ငယ်စဉ်ကတည်းက အထူးစိတ်ဝင်တစားသင်ခဲ့သည်။ တက္ကသိုလ်တက်စဉ်ကလည်း မြန်မာစာအဓိက ယူခဲ့သည်။ ပါဠိစာပေကို အထက်တန်းကတည်းက ဖခင်ထံမှ အခြေခံသင်ယူခဲ့သည်။တက္ကသိုလ်တွင်လည်း မိုင်နာဘာသာတွဲအဖြစ် ပါဠိဘာသာကို သင်ယူခဲ့ရသည်။ အလုပ်ခွင်သို့ ရောက်သော် ပို၍သိချင်၊ တတ်ချင်သဖြင့် ပါဠိ(အရှေ့တိုင်း) ဘွဲ့လွန်ထပ်ယူခဲ့သည်။ မလုံလောက်သေးသဖြင့် စာပေနှင့် သုတပညာကို ပိုမိုလေ့လာနိုင်ရန် စာကြည့်တိုက်နှင့်သုတပညာဘွဲ့လွန်ထပ်တက်ခဲ့သည်။ စာကြည့်တိုက်နှင့် သုတပညာဘွဲ့လွန်မှ မဟာဝိဇ္ဇာတန်းတက်ခွင့်ရခဲ့သည်။ ထိုစဉ်က မန္တလေးတွင် တက္ကသိုလ်၌ စာ/သုမေဂျာမရှိခဲ့။ ထို့ကြောင့် မဟာဝိဇ္ဇာတန်းကို ရန်ကုန်တက္ကသိုလ်၌ တက်ရမည်ဖြစ်သည်။ တွဲဖက်အတွင်းရေးမှူး ဦးစန်းမောင်က ကျောင်းစရိတ်ထုတ်ပေး၊ တက်ရောက်ခွင့်ပေးသော်လည်း (၁) ဝန်ထမ်းဖြစ်ခြင်း၊ (၂) မိသားစုတာဝန်ရှိခြင်းတို့ကြောင့် ရပ်တန့်ခဲ့သည်။ စာကြည့်တိုက်နှင့် သုတပညာရပ်တက်ခဲ့သောကြောင့် စာကြည့်တိုက်မှ သတင်းဆိုင်ရာနည်းပညာတို့ကို ပိုမိုလေ့လာနိုင်ခဲ့သည်။ မိမိအား နံနက်ပိုင်း ၁၀ နာရီအထိ အချိန်ပေးကျောင်းတက်ခွင့်ပြုသည့်ဌာနအတွက်အလည်း အကျိုးပြုပေးခဲ့သည်။ စာ/သုကို မိမိ၊ ဇနီးနှင့် ညီမငယ်တို့ သုံးဦးတက်ရောက်ခဲ့ခြင်းဖြစ်သည်။ **ဘွဲ့ယူစာတမ်းအဖြစ် မိမိဌာနမှ ထုတ်ဝေသော အနော်မာမဂ္ဂဇင်းဖတ်ညွှန်းကို နှစ်အလိုက်ခွဲ၍ စာတမ်းပြုစုပေးနိုင်ခဲ့သည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ လစဉ်ထုတ်ဝေသော အနော်မာမဂ္ဂဇင်း၊ (ကွာလတီမဂ္ဂဇင်း)ဖတ်ညွှန်းစာတမ်းကို အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်များ၏ ရည်ညွှန်းခန်းတွင် ဂုဏ်ယူစွာ ထားပေးနိုင်ခဲ့သည်။** မိသားစုအရေး၊ ဌာနအရေး၊ ပညာရေးတို့ဖြင့် ပင်ပန်းကြီးစွာရုန်းကန်ခဲ့ရသော်လည်း ပျော်ရွှင်ခဲ့သည်။

မန္တလေးနေ့စဉ်သတင်းစာတိုက်စဖွင့်သည်မှ တစ်နှစ်တွင် လိုအပ်ချက်အရ သတင်းစာတိုက်သို့ ရောက်ခဲ့သည်။ အင်တာဗျူးတွင် ယခင်က ဈေးဌာန၊ရေပေးရေးဌာန၊ မော်တော်ယာဉ်ဌာနတို့တွင် ခန့်အပ်ခဲ့ဖူးသော်လည်း မလုပ်ခဲ့ဘဲ သတင်းစာတွင် ဘာကြောင့်လုပ်ရသလဲဟု အကြောင်းသိပြီးဖြစ်သော တွဲဖက်အတွင်းရေးမှူးနှင့် ဗိုလ်မှူးခင်မောင်ဇင်တို့က မေးခဲ့သည်။ သတင်းစာကို ဝါသနာပါ၍ ခရေဇီဖြစ်၍(ရူးသွပ်၍)လုပ်ကိုင်ပါသည်ဟု ဖြေကြားခဲ့သည်။ အခြားသတင်းဆိုင်ရာများကို မေးပြီး ဗိုလ်မှူးခင်မောင်ဇင်(ကွယ်လွန်)က အမြဲမှတ်မိနေသော မေးခွန်းတစ်ခု မေးခဲ့သည်။ "သတင်းစာတိုက်မှာကွာ ကျန်တဲ့သူတွေ မလာဘူးကွာ မင်းတစ်ယောက်ပဲ လာတဲ့နေ့တွေရှိမယ်။ မင်းဆက်လုပ်နိုင်ပါ့မလား"တဲ့။ "တစ်ယောက်တည်းကျန်သည်ထိ လုပ်ပါမည်။"ဟု ဖြေရာ ဗိုလ်မှူးခင်မောင်ဇင်၏ အကျင့်အတိုင်း တဟားဟားရယ်၍ တကယ်ကြုံမှာကွဟု ပြောခဲ့သည်။ ထိုစဉ်က မေးခဲ့သောမေးခွန်းသည် နောင်တစ်ချိန်တွင် အမှန်တကယ်ဖြစ်လာခဲ့သည်ကို အံ့သြစွာကြုံခဲ့ရသည်။

သတင်းစာတိုက်သို့ စဝင်သည့်နေ့တွင် အယ်ဒီတာ တာဝန်စတင်ပေးခဲ့ပြီး သုံးရက်မြောက်နေ့မှစ၍ စက်ပရုဖ်များတွင် စက်ရိုက်မိန့်လက်မှတ်ထိုးခဲ့ရသည်။ အလုပ်စဝင်ချိန်တွင် နေ့ပိုင်းသာ တာဝန်ပေးသော်လည်း သိလိုတတ်လို၍ ညပိုင်းတာဝန်ပါဆင်းခဲ့သည်။ အလုပ်ဝင်ပြီး တစ်လခန့်အကြာ ညပိုင်းတွင် ဌာနမှူး ဗိုလ်မှူးခင်မောင်ဇင် ညဘက် ၈ နာရီခန့် သတင်းစာတိုက်သို့ ရောက်လာသည်။ ထိုအချိန်တွင် နေ့ဖောင်မှ စက်ပရုဖ်များ လာရောက်ပြသသည်ကို ဖတ်ရှုစစ်ဆေး၍ လက်မှတ်ထိုးပေးနေချိန်ဖြစ်သည်။ ဌာနမှူးက သေချာစွာကြည့်နေပြီး "ဟ မင်းလက်မှတ်မထိုးနဲ့လေ မတော်တဆမှားရင် မင်းတာဝန်ယူရမှာ သုံးလမပြည့်မချင်း မထိုးနဲ့"ဟု ပြောသည်။ ထိုအချိန်က စီနီယာ အယ်ဒီတာများ နေမကောင်း၍ မလာသဖြင့် မိမိသာရှိ၍ ထိုးခြင်းဖြစ်ကြောင်း မှားယွင်းက တာဝန်ယူမည်ဖြစ်ကြောင်း ပြောရာ "မင်းတာဝန်ယူရဲရင် ချကွာ"ဟု ပြောပြီး လက်ဖက်ရည်၊ မုန့်များဝယ်ကျွေးပြီး ပြန်သွားသည်။ ည ၂ နာရီခန့်တွင် စိတ်မချ၍ထင်၊ နောက်တစ်ခေါက် ပြန်ရောက်လာသည်။ (ထိုစဉ်က ည ၂ နာရီ ၃ နာရီဆိုလျှင် သတင်းစာထွက်ပြီ) ဖလင်ခန်းတွင် အမှားတချို့ပြင်ပြီး ဆင်းလာချိန်နှင့်တွေ့ရာ မေးမြန်းသဖြင့် အမှားပြင်ခဲ့ကြောင်း ပြောပြသည်။ ဘယ်လိုပြင်လဲ လိုက်ပြပဟုဆိုပြီး ဖလင်ခန်းသို့ ပြန်တက်ရာ ဖလင်ရိုက်ပြီးသားပေါ်တွင် မှားသောစာလုံးများအား ဓားဖြင့်ဖောက်၍ ကပ်ပြီး ဆေးပြန်ပိတ်ရန် စုတ်တံဖြင့် ဆွဲထားကြောင်း ပြသည်။ ထိုအလုပ်များကို ဖလင်ဆရာ(ဖိုသိုလစ်သို)က လုပ်ပေးကြောင်း (သို့သော်) အခြားဖလင်ရိုက်နေ၍ ကိုယ်တိုင်ဝင်ကူလုပ်ကြောင်း ပြောပြသဖြင့် ကျွန်တော့်အား စိတ်ချပြီဟု ချီးမွမ်းခဲ့သည်။ နောက်ညများတွင် စက်တင်ခါနီးတိုင်း လာရောက်ကြည့်၍ အမှားများသော စာမျက်နှာအား မေးလေ့ရှိသည်။ ကျွန်တော်က ပြင်ထားသော စာမျက်နှာများအားပြရာ အမှားများတယ်ကွာ။ စာပြင်တွေကို ပြောဟုဆိုခဲ့သည်။ ကျွန် တော်က အခုမှ လူသစ် ဗိုလ်မှူး။ ကျွန်တော်ပြောရင် စိတ်ခုသွားကြလိမ့်မယ်။ ဌာနမှူးပဲ ပြောပါဟုဆိုသဖြင့် အမှားများသည့်နေ့တိုင်း စာပြင်ဆရာများကို ထောက်ပြလေ့ရှိသည်။ (ကျွန်တော် ပြင်ထားသော ဖလင်ကို ထောက်၍ ပြောခြင်း) ဌာနမှူး မကြာခဏထောက်၍ အမှားနည်းလာခဲ့ရသည်။ စာပြင်များ လူလျော့သွားလျှင်ချက်ချင်းဖြည့်ပေးသည်။ ထိုစဉ်က လစာနှင့် ခွဲတန်းဆန်ပေးသည်။ လူသစ်အားခန့်လျှင် လတစ်ဝက်မှဝင်လျှင်လည်း လစာအပြင် ခွဲတန်းဆန်ပါ ဌာနမှူးက စိုက်ထုတ်ပေးခဲ့သည်။

အလုပ်ဝင်သည်မှ လပိုင်းအတွင်း သတင်းစာအတွက် အထောက်အကူများစွာ ပေးနိုင်ခဲ့သည်။ ဓာတ်ပုံများ အလင်း(လိုက်တင်ဝင်)သဖြင့် ပုံဝါးနေ၊ ပျက်နေလျှင် အယ်ဒီတာကိုရွှေမော်က ပုံပေါင်းညှပ်ဆက်၍ဖြစ်စေ၊ ကညစ်တံဖြင့် ဆွဲ၍ဖြစ်စေ၊ ပြင်ပေးရလေ့ရှိသည်။ ဓာတ်ပုံမကောင်းသည့်နေ့တွင် လက်စွမ်းပြရလေ့ရှိသည်။ ကိုရွှေမော်၏ နည်းကို ယူ၍ ကွန်ပါဘူးတွင် ကညစ်၊ ဓား၊ သံချွန် (ပလိတ်ပြားတွင် စာပြင်ရန်)တို့ ထည့်၍ အမြဲဆောင်ကာ ပြင်ပေးခဲ့သည်။ကိုရွှေမော်နှင့်ကျွန်တော်လက်ဖြင့် ပြင်ခဲ့ရသော ပုံများ မရေတွက်နိုင်။ ဓာတ်ပုံသမားအဆင်မပြေလျှင် အယ်ဒီတာဒုက္ခရောက်ရသည်။ နေ့ပိုင်းတွင် အဓိကအားဖြင့် အယ်ဒီတာအဖွဲ့တွင် ဦးနီ(ရွှေမာနီလေး)က အမြဲထိုင်သည်။ ညပိုင်းတွင် ဆရာကြီး နတ်မောက်ထွန်းရှိန်နှင့် ကိုစိုးနိုင်(ယခု ရတနာပုံသတင်းစာ)တို့နှင့် တွဲရသည်။ စီနီယာ ကိုစိုးနိုင်ဆွေနှင့် ကိုရွှေမော်က အလှည့်ကျ။ နေ့ပိုင်းတွင် ဦးနီ(ရွှေမာနီလေး)က အသေးစိတ်ကူညီကြသည်။ အသက်အရွယ်နှင့် မျက်လုံးတစ်ဖက်အားနည်းမှုကြောင့် အတော်အားစိုက်ကြည့်ရသဖြင့် ဦးနီသက်သာအောင် ကိုယ်က ပို၍ ဂရုစိုက်ပေးရသေးသည်။ လူသစ်ဖြစ်သော ကျွန်တော်၏ လုပ်ကိုင်မှုကို ဌာနမှူး ဗိုလ်မှူးခင်မောင်ဇင်က မျက်ခြေမပြတ် အားပေးခဲ့ပြီး တစ်ပတ်တစ်ကြိမ် ရုံးခန်းတွင်း၌ အားနည်းချက်၊ လိုအပ်ချက်၊ ပြင်ဆင်ရမည့်အချက်များကို ပြောစေ၍ ဂရုတစိုက် နားထောင်ပေးလေ့ရှိသည်။ နားထောင်ပြီးလျှင် ချက်ချင်းဆောင်ရွက်ပေး၍ ရသည်ကို ချက်ချင်းဆောင်ရွက်ပေးပြီး မှတ်တမ်းတွင် သေချာစွာမှတ်၍ ဆောင်ရွက်သည်ကို တွေ့ရသည်။ အလုပ်စတင်ဝင်သည်မှစ၍ သုံးလလုံးလုံး တစ်ရက်မျှမနားဘဲ အလုပ်ဝင်ခဲ့သည်။ ကြိုးစားမှုကို ဌာနမှူးက ပံ့ပိုး၍ ဂျာနယ်လစ် ဦးခင်မောင်ကြီးထံ အပ်နှံပေးခဲ့သည်။ဦးခင်မောင်ကြီးကလည်း တစ်ဦးတည်းကိုသာ ရွေးချယ်၍ ဌာနတွင်း သတင်းစာသင်တန်းသုံးလ ပို့ချပေးခဲ့သည်။ ဆရာကြီး ဦးခင်မောင်ကြီး၊ ဆရာကြီး ဦးနီ(ရွှေမာနီလေး)နှင့် သင်တန်းသားကျွန်တော့်အတွက် နေ့စဉ် လက်ဖက်ရည်ဖိုးနှင့် ထမင်းစရိတ်များကို တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးဖေခင်က ကျခံပေးခဲ့ပြီး သင်တန်းပထမပတ်ကို တွဲဖက်အတွင်းရေးမှူးရုံးခန်းတွင် ပို့ချစေခဲ့သည်။ နောက်ပိုင်းတွင် ခန်းမထဲ၌ ပို့ချခဲ့သည်။ ထိုသင်တန်းကာလ သုံးလတွင်လည်း တစ်ရက်မျှမနားခဲ့။ သတင်းစာပညာအခြေခံရှိပြီးဖြစ်၍ အခြားဗဟုသုတနှင့် အတွေ့အကြုံများကို ရွေးချယ်၍ သင်ကြားပေးခဲ့သည်။ နေ့စဉ်လုပ်ငန်းတွင်း အခြေအနေနှင့် တိုးတက်မှုကို ဦးနီနှင့် ဦးခင်မောင်ကြီးက တွဲဖက်အတွင်းရေးမှူးထံ အစီရင်ခံသည်။(တာဝန်ထမ်းကြသည်ဆိုရာဝယ် ဆောင်းပါးတွင် အကျယ်ဖော်ပြမည်ဖြစ်သည်။)ထိုနှစ်တစ်နှစ်လုံး နားရက်မယူဘဲ အလုပ်ခွင်ဝင်ခဲ့သည်။ **ဆရာကြီးသင်ပေးသည့်ထဲမှ 'စာမှားနေလျှင် ရဲရဲဝံ့ဝံ့ပြင်၊သေချာလျှင် တာဝန်ခံ၍ လုပ်'ဆိုသော ဆောင်ပုဒ်ကို လိုင်းတား၍ မှတ်မှတ်သားသားထားခဲ့သည်။**

၂၀၀၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်မည့် ကျောက်တော်ကြီးဘုရား သတင်းထုတ်ပြန်ရာတွင် ကြုံတွေ့ခဲ့ရသည်ကို အမှတ်တရဖြစ်မိသည်။မတ္တရာမြို့နယ်၊ စကျင်တောင်မှ ဇရာဝတီမြစ်ကြောင်းအတိုင်း ပင့်ဆောင်ခဲ့ခြင်းဖြစ်သည်။ စကျင်တောင်ခြေ ရတနာရွှေဖောင်တော်ဆိပ်မှ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား သုံးလူ့တောက်ပ ရတနာရွှေဖောင်တော်ကြီးဖြင့် စတင်ပင့်ဆောင်သည့် မင်္ဂလာအခမ်းအနား သတင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ပြီး ဥဒါန်းစကား မြွက်ကြားပေးခဲ့သော သတင်းကို (၂၅-၇-၂၀၀၀)ရက်စွဲဖြင့် မန္တလေးနေ့စဉ်နှင့် ကြေးမုံ၊ မြန်မာ့အလင်း သတင်းစာတို့တွင် ထုတ်ပြန်ရမည်ဖြစ်သည်။ (ထိုစဉ်က သတင်းကူးက သတင်းကို လက်ရေးဖြင့်လည်း ရေးသည်။ မူရင်းသတင်းလည်းလာသည်။) မန္တလေးနေ့စဉ်သို့ရောက်လာသော သတင်းမူရင်းနှင့် တိုက်ဆိုင်၍ သတင်းစာထုတ်ရန် ကွန်ပျူတာစာစီပြီး အချောသတ်ထုတ်ပြီး စက်တင်ခါနီးတွင် "လောကချမ်းသာ အဘယျလာဘမုနိရုပ်ပွားတော်မြတ်ကြီး"ဟု ခေါင်းစဉ်တွင် သတိထားမိ၍ ခေတ္တရပ်စေပြီး ဌာနမှူး၊ အယ်ဒီတာချုပ်တို့ထံသွား၍ စာလုံးမှားနေကြောင်း ပြောရာ မူရင်းနှင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးကြရသည်။မူရင်းအတိုင်းဖြစ်၍ မပြင်လိုကြောင်း ပြောကြသည်။ ကျွန်တော်က မှားနေသည်ဖြစ်၍ ပြင်ကိုပြင်ရမည်ဖြစ်ကြောင်း အတိုက်အခံပြောရာ ဌာနမှူးက အကယ်၍ မှားသွားခဲ့သော် ဘယ်လိုတာဝန်ခံမလဲဟု ပြောရာ မိမိအလုပ်မှ နှုတ်ထွက်မည်ဟုပြော၍ "လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး"ဟု ပြင်ခဲ့သည်။ မှတ်မှတ်ရရ ဌာနမှူးနှင့် ကျွန်တော်တို့ ရန်ကုန်မှ သတင်းစာရောက်မှ မိုးလင်းမှ အိမ်ပြန်ဖြစ်ကြသည်။ ကျွန်တော်၏ ပြင်ဆင်ချက်မှန်ကြောင်း ထိုအချိန်မှ သိရသည်။ ဌာနမှူးလည်း ခုမှ အလုံးကြီးကျသွားတယ်ဟုဆိုကာ အိမ်ပြန်သွားခဲ့သည်။ ကျွန်တော်လည်း ကျေနပ်ပေါ့ပါးစွာ အိမ်ပြန်ခဲ့သည်။

**'စာမှားလျှင် ရဲရဲဝံ့ဝံ့ပြင်၊ သေချာလျှင် တာဝန်ခံ၍ လုပ်'ဟူသော ဆရာကြီး ဦးခင်မောင်ကြီး၏ဆောင်ပုဒ်ကို လက်ကိုင်၍ 'ယျ'နှင့် 'ယ'-- '၂'တစ်ခုအတွက် အလုပ်နှင့် လောင်းတမ်းချ အာမခံပြင်ဆင်ခဲ့ရသည်။ နောက်နေ့တွင် ဆရာကြီး ဦးခင်မောင်ကြီးနှင့် တွဲဖက်အတွင်းရေးမှူးက ဆုငွေ ၅၀၀ကျပ် ချခဲ့သည်။ သတင်းစာဆရာလုပ်ရန် သတ္တိကောင်းဖို့ (တစ်နည်း)မိုက်ဖို့လည်း လိုအပ်သည်။ မြန်မာစာအပြင် ပါဠိစာလည်း တီးခေါက်မိဖို့လိုသည်မှာ လက်တွေ့ကြုံတွေ့ခဲ့ရသော သတင်းစာ စာမျက်နှာအတွက် အဖြစ်အပျက်ကလေးက သက်သေပြလျက်ရှိပေသည်။**

# (၁၃-၁၂-၂၀၂၄) ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ (၂၀)၌ ဒေါ်ခင်ဒါလီထွန်း(ဘ)ဦးလှထွန်း(၉/အမဇ(နိုင်)၀၁၅၄၄၉)နှင့် ၎င်း၏ တရားလွှတ်တော်ရှေ့နေတို့ ထည့်သွင်းရေးသားခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ အများသိစေရန် ပြန်လည်တုံ့ပြန်ရှင်းလင်းသတိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အရှေ့ဘုန်းတော်ကြီးရပ်ကွက်၊ အကွက်အမှတ်(၄၃)နေ ဒေါ်ဆွေဆွေအေး(ဘ)ဦးမြင့်ထူး(၉/အမဇ(နိုင်)၀၂၂၅၉၇)၏ လွှဲအပ်ချက်အရ ဒေါ်ခင်ဒါလီထွန်း(ဘ)ဦးလှထွန်း(၉/အမဇ(နိုင်)၀၁၅၄၄၉)နှင့် ၎င်း၏တရားလွှတ်တော်ရှေ့နေအပါအဝင် အများသိစေရန် အောက်ပါအတိုင်း ပြန်လည်တုံ့ပြန်ရှင်းလင်းအသိပေး ကြေညာလိုက်သည်။

လူကြီးမင်း ဒေါ်ခင်ဒါလီထွန်းသည် ကျွန်ုပ်မိတ်ဆွေ၏ 'သီရိသုခရွှေနန်းတော်ကုမ္ပဏီလီမိတက်' တွင် ဝန်ထမ်းအဖြစ်သာ အစဉ်တစိုက်တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းကိစ္စရပ်များအား ဆောင်ရွက်ရာတွင် လွယ်ကူစေရန် ဒါရိုက်တာရာထူးဖြင့် တာဝန်ထမ်းဆောင်စဉ် စီမံပိုင်ခွင့်အား ကိုယ်စားလှယ်လွှဲအပ်ခဲ့ခြင်းသာဖြစ်သဖြင့် ကုမ္ပဏီပိုင်ရှင်ဖြစ်သကဲ့သို့သော ရေးသားချက်များဖြင့် အများပြည်သူ အထင်အမြင်လွဲမှားစေရန် ပြုလုပ်ခွင့်မရှိကြောင်း သိစေလိုသည်။ ထို့အပြင် လူကြီးမင်း ဒေါ်ခင်ဒါလီထွန်းအနေဖြင့် ကျွန်ုပ်မိတ်ဆွေထံ ပြန်လည်ပေးအပ်ခဲ့သော ဖုန်းအမှတ်မှာ (၀၉-၂၀၃၉၇၄၆)တစ်လုံးတည်းသာဖြစ်ပြီး အဆိုပါဖုန်းအမှတ်အား လူကြီးမင်းဆက်လက်ကိုင်ဆောင်နေသည်ဟု မဆိုထားဘဲ လူမှုရေးငဲ့ကွက်သောအားဖြင့် လူကြီးမင်း၏ ဒေါ်ခင်ဒါလီထွန်းအမည်နှင့် 'ရွှေထွန်း-မျိုးစပါးရောင်းဝယ်ရေးလုပ်ငန်း' ဟူသော လုပ်ငန်းအမည်ကိုလည်း သတင်းစာကြေညာချက်တွင် ထည့်သွင်းရေးသားခဲ့ခြင်းမရှိကြောင်း လူကြီးမင်း မြင်တွေ့သိရှိပြီးဖြစ်သည်။ ယခုအခါ လူကြီးမင်းမှ လူကြီးမင်း၏ရှေ့နေအား ထိန်ချန်၍လမ်းညွှန်မှုပေးကာ သတင်းစာကြော်ငြာထည့်သွင်းစေခဲ့သည်ဟု ယူဆရသဖြင့် ကျွန်ုပ်၏ရှေ့နေဂုဏ်သိက္ခာနှင့် ကျွန်ုပ်မိတ်ဆွေ၏ အမှန်တရားအတွက် လူကြီးမင်း၏ အမည်နှင့် လုပ်ငန်းအမည်တို့အား မတတ်သာစွာ ထည့်သွင်းဖော်ပြလိုက်ရခြင်း ဖြစ်သည်။

ထို့အပြင် ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ချက်အရ သတင်းစာတွင် ထည့်သွင်းကြေညာခဲ့သည်မှာ အဆိုပါဖုန်းအမှတ် (၀၉-၂၀၃၉၇၄၆)အပါအဝင် (၀၉-၂၀၂၂၆၅၈) (၀၉-၇၈၂၀၃၉၇၄၆) (၀၉-၇၉၈၆၉၀၉၂၁)တို့အား ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ သုံးစွဲခြင်းမပြုတော့ကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ သုံးစွဲခွင့်၊ ကြော်ငြာခွင့်၊ လွှဲပြောင်းခွင့်၊ အမည်ပေါက်ပြုလုပ်ခွင့်မရှိကြောင်း ကြေညာခဲ့ခြင်းဖြစ်ပြီး လူကြီးမင်း ဒေါ်ခင်ဒါလီထွန်းအနေဖြင့် စေ့စပ်စွာ ပြန်လည် စစ်ဆေးဖတ်ရှုရန် လိုအပ်သည်။ ဖုန်းအမှတ် (၀၉-၂၀၂၂၆၅၈)သည် ကုမ္ပဏီပိုင်ဖုန်းဖြစ်ကြောင်း လူကြီးမင်းကောင်းစွာသိရှိထားပြီး အစဉ်တစိုက်သုံးစွဲခဲ့သော မှတ်တမ်းများအရလည်း ထင်ရှားလျက်ရှိသည့်အပြင် ဖုန်းနံပါတ်အား အမည်ပေါက် ပြုလုပ်ရာတွင် ကုမ္ပဏီအမည်ဖြင့် ပြုလုပ်၍ မရသဖြင့် ဒေါ်ခင်မျိုးကြည်၏ အမည်ဖြင့် အမည်ပေါက်ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကုမ္ပဏီစတင်လည်ပတ်စဉ်ကတည်းက ဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့သည့် လူကြီးမင်းလည်း ကောင်းစွာသိရှိနေသည့် အခြေအနေတွင် ကုမ္ပဏီမှ အလုပ်ထွက်ချိန်တွင် ကုမ္ပဏီဆက်ခံသူ အစစ်အမှန်ထံ ပြန်လည်အပ်နှံခြင်းမရှိဘဲ ကုမ္ပဏီအား စွန့်လွှတ်စာချုပ်ဖြင့် အပြီးအပိုင် စွန့်လွှတ်ခဲ့ပြီး သက်ဆိုင်ခြင်းမရှိတော့သည့် ဒေါ်ခင်မျိုးကြည်ထံ သွားရောက်ပေးအပ်ခဲ့ခြင်းသည် ကုမ္ပဏီ၏လုပ်ထုံးလုပ်နည်းအား ကျော်လွန်၍ စီမံပိုင်ခွင့် အလွဲသုံးစားပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကောင်းစွာသိထားနားလည်စေလိုသည်။

ထို့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ရှေ့နေအဆင့်အတန်း သတ်မှတ်ရာတွင် အထက်တန်းရှေ့နေ၊ တရားလွှတ်တော်ရှေ့နေ အစရှိသဖြင့် သတ်မှတ်ချက်သာရှိပြီး ကျွန်ုပ်၏ရှေ့နေအဆင့်အတန်းအား ကျွန်ုပ်ကြော်ငြာခဲ့သည့် (၁၃-၁၂-၂၀၂၄)ရက်စွဲပါသတင်းစာတွင် ကျွန်ုပ်၏ရှေ့နေအဆင့်အတန်းသည် 'တရားလွှတ်တော်ရှေ့နေ' ဖြစ်ကြောင်း အတိအလင်းဖော်ပြထားသည့်တိုင် လူကြီးမင်း၏ရှေ့နေ ရေးသားသည့်သတင်းစာအပိုဒ်(၁) အရေးအသားပါ ကျွန်ုပ်၏ရှေ့နေအဆင့်အတန်းအား ဖော်ပြရာတွင် '၎င်း၏အကျိုးဆောင်ရှေ့နေ' ဟု ဖော်ပြထားခြင်းသည် ဥပဒေနှင့်မညီညွတ်ကြောင်း သိစေလိုသည်။

ထိုသို့ လူကြီးမင်း၏ မမှန်ကန်သော ကြေညာချက်များ၊ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ချက်များနှင့် နာမည်ဂုဏ်သတင်းပျက်ပြားစေရန် မမှန်ရေးသားမှုများ အပေါ် လိုအပ်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သဖြင့် (၁၃-၁၂-၂၀၂၄)ရက်စွဲပါ သတင်းစာကြေညာချက်တွင် 'ကျွန်မ' နှင့် 'ကျွန်ုပ်အမှုသည်' ဟူသော မြန်မာစာအရေးအသား ရှုပ်ထွေးနေပါသဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ မည်သည့်အသုံးအနှုန်းအား အတည်ယူရမည်ဆိုသည့်ကိစ္စနှင့် အဆိုပါသတင်းစာကြေညာချက်အား အမှုသည် ဒေါ်ခင်ဒါလီထွန်းမှ မိမိကိုယ်ကို သုံးနှုန်းသည့်အနေဖြင့် ကောက်ရယူမည်လား၊ အမှုသည်၏လွှဲအပ်ချက်အရ ရှေ့နေမှရေးသားသည်ဟု ကောက်ယူရမည်လား အတည်ပြုနိုင်ရန်လိုအပ်သည်။

ဖုန်းအမှတ် (၀၉-၇၈၂၀၃၉၇၄၆)ကိုလည်း ကုမ္ပဏီမှ သုံးစွဲခြင်းမရှိတော့ကြောင်းကိုသာ ထည့်သွင်းခဲ့ပြီး လူကြီးမင်းနှင့်သက်ဆိုင်သော အကြောင်းအရာအဖြစ် သတင်းစာတွင် ထည့်သွင်းကြော်ငြာခြင်းမရှိသည့်အခြေအနေတွင် လူကြီးမင်းနှင့် လူကြီးမင်း၏ရှေ့နေတို့အနေဖြင့် ထည့်သွင်းဖြေရှင်းခြင်းသည်လည်း မည်သည့်အတွက်ကြောင့်ဖြစ်ကြောင်း မေးခွန်းထုတ်ဖွယ်သော ကိစ္စရပ်ဖြစ်စေသည်။

ဖုန်းအမှတ်(၀၉-၂၀၃၉၇၄၆)အပါအဝင် (၀၉-၂၀၂၂၆၅၈) (၀၉-၇၈၂၀၃၉၇၄၆) (၀၉-၇၉၈၆၉၀၉၂၁)တို့အား ကုမ္ပဏီပိုင်ဖုန်းများဖြစ်သည့်အပြင် ကုမ္ပဏီပိုင်ဖုန်းများအဖြစ် အသုံးပြုခဲ့ကြောင်းနှင့် လူကြီးမင်း ဒေါ်ခင်ဒါလီထွန်းကိုယ်တိုင်လည်း သိရှိကြောင်း အထောက်အထားများ ကျွန်ုပ်မိတ်ဆွေထံတွင် ရှိပြီးဖြစ်ကြောင်း၊ ကုမ္ပဏီစတင်တည်ထောင်ချိန်တွင် အမြဲတမ်းအသုံးပြုမည့် ဖုန်းနံပါတ်အသစ်တစ်လုံးအား ဝယ်ယူရန် လွယ်ကူသည့်အနေအထားတွင် ဝန်ထမ်းဖြစ်သူ၏ ဖုန်းအမှတ်အား ကုမ္ပဏီပိုင်ဖုန်းအဖြစ် မည်သည့်လုပ်ငန်း ကြော်ငြာများတွင်မဆို ထည့်သွင်းကြော်ငြာရန်လည်း အကြောင်းမရှိသည့် အနေအထားဖြစ်ကြောင်း ကောင်းစွာသိစေလိုသည်။

သို့ဖြစ်ရာ ကျွန်ုပ်မိတ်ဆွေအနေဖြင့် အဆိုပါကုမ္ပဏီပိုင်ဖုန်းများအား ၎င်း၏အခွင့်အရေးအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ တရားရုံးတော်များတွင် ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားတစ်ထုံးစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်အဝဝနှင့် ကျွန်ုပ်မိတ်ဆွေ၏ နစ်နာမှုအားလုံးအတွက် အထွေထွေနစ်နာကြေး၊ အထူးလျော်ကြေးတို့အပါအဝင် တရားမ နစ်နာမှုအတွက် ရထိုက်သော အခွင့်အရေးအဝဝတို့အား လူကြီးမင်းအပေါ်၌ တာဝန်ထားရှိမည်ဖြစ်ကြောင်း ဒေါ်ခင်ဒါလီထွန်းနှင့် အများသိစေရန် စေတနာကောင်းဖြင့် တစ်ပေါင်းတည်း သတိပေးအကြောင်းကြားလိုက်သည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း ၀၂-၄၀၆၈၈၃၉၊ ၀၉-၂၀၀၆၀၂၉၊ ၀၉-၇၉၂၀၀၆၀၂၉၊ ၀၉-၆၉၂၀၀၆၀၂၉**

**ladylawyer. khinninisoe @ gmail. com**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရ ...

❖ သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၄) တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်




နေပြည်တော် ဒီဇင်ဘာ ၁၉

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီရမ်ဖုန်၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ယနေ့ကျင်းပသည့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

အဆိုပါ အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲအတွင်း တက်ရောက်လာကြသော နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များသည် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ တိုက်ဖျက်နှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဆွေးနွေးပွဲအတွင်း နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုတက်ရောက်လာကြသည့်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ရှင်းလင်းပြောကြားသည်။

### တည်ခင်းဧည့်ခံ

အိမ်ရှင်ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီရမ်ဖုန်က ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကို ဗန်ကောက်မြို့ရှိ Capella ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ စွန်းဝေတုန်းနှင့်လည်းကောင်း၊ ညနေ ၅ နာရီတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကြားဖြတ်အစိုးရအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် မစ္စတာ မိုဟာမက်တိုဟိဒ်ဟူစိန်နှင့်လည်းကောင်း၊ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေးနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ရှရီ ဗစ်ခရမ် မစ်ဆရီနှင့်လည်းကောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ သီးခြားဆွေးနွေးပွဲတစ်ရပ် တက်ရောက်ရန်ရောက်ရှိနေသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အန်ရစ် အေ မန်နလိုနှင့် ညနေ ၅ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ဗန်ကောက်မြို့ရှိ Capella ဟိုတယ်၌ သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနား MRTV နှင့် ဆက်စပ်ရုပ်သံ၊ ရေဒီယို FM နှင့် Online တို့မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် ညနေ ၅ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ခမ်းနားထည်ဝါစွာနှင့် အနုစ်သာရရှိစွာ စီစဉ်ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားမစတင်မီ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲမစတင်မီ ခေတ္တရပ်နားချိန်နှင့် ပွဲပြီးချိန်များ၌ နာမည်ကျော် အနုပညာရှင်များနှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများလည်း ပါဝင်မည်ဖြစ်၍ မိဘပြည်သူများ တိုက်ရိုက်ကြည့်ရှုနိုင်ရန်အတွက် ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲမှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သော MRTV – HD၊ MRTV Sports ၊ MRTV Parliament ၊ MRTV Farmers' နှင့် MWD HD Channel၊ MWD Variety HD Channel၊ အကျိုးတူရုပ်သံလိုင်းများဖြစ်သော Channel 7၊ 5 plus၊ Sports 1၊ MNTV၊ M Channel၊ Channel K၊ Mahar Esport တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူ FM များ ဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ မန္တလေး၊ ပဉ္စဝတီ၊ ရွှေ ပုဂံတို့အပြင် မိတ်ဖက် FM များဖြစ်ကြသော Star ၊ သဇင်တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် ပိတ်ပွဲအခမ်းအနားကို Fortune နှင့် YTV တို့မှလည်း Delay ပြသမှုဖြင့် ဆက်လက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ASEAN Cup ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများ ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပမည်



ရန်ကုန် ဒီဇင်ဘာ ၁၉

2024 ASEAN Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ် တက်ရောက်ရေး အဆုံးအဖြတ်အုပ်စုနောက်ဆုံးပွဲများကို ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၃ သို့ ➤